မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ စနေနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၀၄)

ပဋ္ဌိတာနုဂ္ဂဿဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုဖော်ဆောင်ဖို့ အခြေခံလိုအပ်ချက်တွေကို တည်ဆောက်ပေးခြင်းဖြင့် ပြည်သူလူထုရဲ့ဆန္ဒကို မှန်မှန်ကန်ကန်ဖော်ဆောင်ပေးနေ ပြည်သူ့ဆန္ဒကိုဦးထိပ်ပန်ဆင်၊ အဖျက်အန္တရာယ်မှန်သမျှ ပြည်သူနှင့်လက်တွဲတွန်းလှန်

နေပြည်တော် ဧပြီ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

ယနေ့ဟာ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၁)ရဲ့ သင်တန်းဆင်းတဲ့နေ့ဖြစ်တယ်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၂၆ ရက်)

ပြည်သူများ သက်ရှည်ကျန်းမာစွာနေနိုင်ရေး ရာသီအလိုက် စနစ်တကျ သွားလာဆောင်ရွက်

နွေရာသီတွင် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပွားတတ်သည့်ရောဂါများကို သတိပြုနေထိုင်သင့်သည်။ လူတိုင်း ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါ၍ ထိရောက်မှုရှိသည်။

ယခုအခါ ရာသီဥတု ပူပြင်းလာမှုကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးကာ မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်တတ်ကြောင်းသိရသည်။

ပြည်သူများအနေဖြင့် နေပူထဲသို့ထွက်ပါက အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်ဆောင်းပြီး အလင်းရောင်ပြန်သော အဖြူရောင် ခပ်ပွပွချောင်ချောင် ချည်ထည်များ ဝတ်ဆင်သွားလာသင့်ပေသည်။ နေပူထဲကပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ ခြေဆေးခြင်း၊ ပူလွန်းသဖြင့် မြစ်ချောင်းထဲ ရေဆင်းကူးခြင်းများကို ရှောင်ကြဉ်ကြရမည် ဖြစ်သည်။ ထို့အပြင် အပူစုပ်တတ်သည့် အနက်ရောင်၊ ချည်ထည်မဟုတ်သည့် အဝတ်အစားများ ကျပ်တည်းစွာ ဝတ်ဆင်ခြင်း၊ အရက်သောက်ခြင်း၊ နေပူထဲတွင် ကိုယ်လက်လှုပ်ရှားခြင်းတို့ကို မပြုလုပ်မိစေရန် သတိပြုကြရမည် ဖြစ်သည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်းများဖြစ်ပါက ရေများများသောက်ခြင်း၊ ဓာတ်ဆားရေသောက်ခြင်းများ ပြုလုပ်ကြရန် လိုအပ်သည်။ သတိလစ်ခြင်း၊ တက်ခြင်းလူနာများအတွက် နီးစပ်ရာ ကျန်းမာရေးဌာနသို့ပို့ဆောင်ပြီး ကုသမှုခံယူကြရမည် ဖြစ်သည်။

အစားအသောက်နှင့်စပ်လျဉ်း၍ ရေတ်သီးနှင့် ရေတ်ကောင်းများများပါသော အပူအစပ်အစားအသောက်များကို ရှောင်ကြဉ်သင့်သည်။ အုန်းသီးဖြင့် ပြုလုပ်ထားသည့်မုန့်များ၊ ဒံပေါက်၊ ဝက်သား၊ မှို စသည့် တက်စာများ ဆင်ဆင်ခြင်ခြင် စားသုံးသင့်ပေသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များနှင့်အညီ လူတိုင်းရာသီအလိုက် အစားအစာများကို သင့်တင့်မျှတစွာ စားသုံးခြင်း၊ စနစ်တကျ သွားလာလှုပ်ရှားနေထိုင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	မြန်မာသကြန်
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မိုးချစ်တပ်မတော်
၁၂:၂၅	၄။	ကျန်းမာသုတ
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဆိပ်ကမ်းမဲ့တဲ့မြစ်** နေတိုး၊ အိန္ဒြာကျော်ဇင်
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၂၀	၅။	မိုးချစ်တပ်မတော်
၄:၂၅	၆။	မြန်မာသကြန်
၄:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၃။	လှုပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ** (အပိုင်း-၇)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	English Usage
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၁၃)

ကိုးဘွဲ့ရသာသနာပြု ကျောင်းတိုက် တည်ဆောက်ပြီးစီးသော သာသနိက အဆောက်အအုံများ စုပေါင်းရေစက်ချ အလှူမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၅

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရလင်္ကာရ ဦးဆောင်တည်ဆောက်ခဲ့သည့် ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးသမျှ သာသနိက အဆောက်အအုံများအားလုံး စုပေါင်း ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက်ရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကမ္ပည်းကျောက်စာတော်ကို ဆရာတော်၊ သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစရှိသော ဂါထာကို သုံးကြိမ်ရွတ်ဆိုပေးပြီး စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက်အခမဲ့ဗီဇိတဒါနဆေးခန်းနှင့် အခမဲ့ဥဒကဒါန ရေအလှူကမ္ပည်း ကျောက်စာကို အလှူရှင် ဦးအေးသိန်း-ဒေါ်ရည်ရည်မြင့် မိသားစုက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ငါးပါးသီလခံယူ

ဆက်လက်၍ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် စတင်တည်ထောင် ဖွင့်လှစ်ခြင်း အမှတ်တရ တည်ဆောက်ပြီးစီးသမျှ သာသနိက အဆောက်အအုံများအားလုံး စုပေါင်းရေစက်ချ အခမ်းအနားကို ကျင်းပရာ ဆရာတော်၊ သံဃာတော်များနှင့် ဒွေ့ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည် ကြသည်။

ရေစက်ချ

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။ ဆက်လက်၍ ကိုးဘွဲ့ရဆရာတော်က ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက် တည်ဆောက်ရခြင်း ရည်ရွယ်ချက်များကို လျှောက်ထားပြီး စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီးက အနုမောဒနာတရားချီးမြှင့်ကာ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (က-ပ)

တိုက် ၃၇၀ အခန်း ၁၃ အနောက်ရန်ကင်းနေ ဦးပေါ်ရှိန်-ဒေါ်ခင်သန်းဆွေ၊ မြေး မင်းသွင်တိုး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မဘက်စုံငွေပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

သမိုင်းဝင် ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် သစ္စာလမ်း အမှတ် ၄/၅၈နေ ဦးထုပ်ကျော်-ဒေါ်မြင့်မြင့်ဖြူး၊ သားမောင်သူရအောင်၊ သမီးမမေမြတ်သူမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဟံညွန့်နှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

အဆိုပါစောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပူဇော်သဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း ဒဂုံမြို့နယ် ကျားကူး ဓမ္မဗိမာန်ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တအရိယဝံသအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး တပည့်ဒကာ၊ ဒကာမများက ဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၇ရက်) ဧပြီ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ကျားကူး ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၃၈၇၇၄၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ပန်းခြံစု ဗဟိုလမ်းနေ ဘိုးဘိုး ဘွားဘွား၊ ဖေဖေ၊ မေမေတို့အား ဦးထိပ်ထားပြီး မခြူးခြူး၏မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ နာယက ဦးအောင်သန်းထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း သန့်စင်ကျော်အား ငွေဓားဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကောင်းသော စိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာ စောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။ ဓမ္မပဒ(၄၃)

* ရှေ့ဖုံးမှ

ဒီသင်တန်းမှာ ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့နှင့် စိုက်ပျိုးရေးဘွဲ့စသဖြင့် တပ်မတော်အတွက် လိုအပ်တဲ့ဘွဲ့ရ တိုက်ရိုက်ဗိုလ်လောင်းများ၊ တပ်တွင်းက ဘွဲ့ရစစ်မှုထမ်းဗိုလ်လောင်းများနဲ့အတူ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီတဲ့ စစ်မှုထမ်းဗိုလ်လောင်းအချို့ ပါဝင်တက်ရောက်ခဲ့ကြတာဖြစ်တယ်။ ရဲဘော်တို့ဟာ **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်** ဆိုတဲ့ သင်တန်းရဲ့ ရည်ရွယ်ချက်နှင့်အညီ အောင်မြင်စွာ သင်ကြားလေ့ကျင့်ခဲ့ကြပြီးဖြစ်တဲ့အတွက် တပ်မတော်မှာ ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ခြင်းကို ခံကြရတော့မှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်သားတွေဟာ တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို လက်ဆင့်ကမ်းသယ်ပိုးနိုင်ခဲ့ကြတာကြောင့် တပ်မတော်ဟာ ဂုဏ်သိက္ခာရှိစွာနဲ့ ခိုင်ခိုင်မာမာရပ်တည်နိုင်တာဖြစ်တယ်။ ဒါကြောင့်ရဲဘော်တို့ဟာ မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းသောတပ်မတော်ဖြစ်ခြင်း၊ သစ္စာရှိသောတပ်မတော်ဖြစ်ခြင်း၊ စည်းလုံးညီညွတ်သောတပ်မတော်ဖြစ်ခြင်း၊ စွမ်းရည်ရှိသောတပ်မတော်ဖြစ်ခြင်းစတဲ့ တပ်မတော်ရဲ့အစဉ်အလာ (၁၂)ရပ်ကို အသက်ပေးစောင့်ထိန်းကြဖို့ ဦးစွာပထမမှာကြားလိုတယ်။ တပ်မတော်ရဲ့ အစဉ်အလာတွေကို စောင့်ထိန်းနိုင်ဖို့အတွက် တပ်တိုင်း၊ ရဲဘော်တိုင်းဟာ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ် ပြည့်စုံမှုဆိုတဲ့ **အခြေခံအရည်အချင်း ငါးပါး**နဲ့ ပြည့်စုံကြရမယ်။

ဒါ့အပြင် သစ္စာစောင့်သိမှု၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ စစ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ အချင်းချင်းရဲဘော်စိတ်ထားရှိမှု၊ စွန့်လွှတ်စွန့်စားမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက် ပြီးမြောက်အောင် ဆောင်ရွက်မှုစတဲ့ **တပ်မတော် အားဆယ်ပါး**နဲ့ပြည့်စုံမှလဲ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အဓိကတာဝန်ကြီး (၃)ရပ်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမှာ ဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

တပ်မတော်ရဲ့ အဓိကတာဝန်ကြီး (၃)ရပ်ကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ပဲဖြစ်တယ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ ပတ်သက်လို့ပြောကြားရရင် စစ်ရေးဆိုတာဟာ နိုင်ငံရေးရဲ့အဆက်ဖြစ်တဲ့အတွက် တပ်မတော်သားတွေဟာ နိုင်ငံရေးအမြင်ရှိကြဖို့ လိုတယ်။ ထို့အတူပဲ နိုင်ငံရေးနဲ့ စီးပွားရေးဟာ အပြန်အလှန်အားဖြင့် ဆက်နွှယ်မှုရှိနေတဲ့အတွက် စီးပွားရေးအမြင်လဲ ရှိရမယ်။ ဒါ့အပြင်နိုင်ငံတစ်နိုင်ငံမှာ အုပ်ချုပ်ရေးစနစ်ယိုယွင်းရင် နိုင်ငံရေးနဲ့စီးပွားရေးစနစ်တွေ ပြိုလဲတတ်တာကြောင့် အုပ်ချုပ်ရေး အမြင်လဲရှိရမယ်။ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်နဲ့ အုပ်ချုပ်ရေးအမြင်တို့ကို ပေါင်းရုံးသုံးသပ်ပြီးမှ ကာကွယ်ရေးအမြင်ကို ကောက်ချက်ဆွဲရတာဖြစ်တယ်။ ဒီအမြင် (၄)မြင်ကို တပ်မတော်သားတိုင်းမှာရှိဖို့ လိုအပ်တဲ့အတွက် အဆင့်နဲ့လျော်ညီစွာ ရှုမြင်သုံးသပ်တတ်အောင် ကြိုးစားကြဖို့ မှာကြားလိုတယ်။

လေ့ကျင့်ရေးတာဝန်နဲ့ပတ်သက်ပြီး ဆက်လက်ပြောကြားရရင် လေ့ကျင့်ရေးဆိုတာဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြသူတွေမှာ မရှိမဖြစ်လိုအပ်တဲ့ ကျွမ်းကျင်မှုနဲ့ မိမိကိုယ်မိမိ ယုံကြည်မှုတို့ကို ပေးစွမ်းနိုင်တဲ့တစ်ခုတည်းသော အကြောင်းတရားဖြစ်တယ်။ ယခုဆိုရင် ရဲဘော်တို့ဟာ သင်တန်းကျောင်းမှာ ပုံသေနည်းနဲ့ လေ့ကျင့်ခဲ့ကြပြီးပြီဖြစ်လို့ မြေပြင်မှာ အခြေအနေအမျိုးမျိုးကို ရင်ဆိုင်ပြီး လုပ်ငန်းခွင်အတွင်း လေ့ကျင့်ကြရဦးမှာဖြစ်တယ်။ လေ့ကျင့်ရေးဆိုတာ **တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်** ရဲ့ပထမအချက်ဖြစ်တဲ့အတွက် မိမိကိုယ်တိုင်လေ့ကျင့်ရေးနဲ့ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမယ်။ ဒါမှသာ ရဲဘော်တို့ဟာ အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင် အသင့်ဖြစ်ရမည်ဆိုတဲ့ **မြဲသုံးမြဲ** နဲ့ ပြည့်စုံကြမှာဖြစ်တယ်။

ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်နဲ့ ပတ်သက်လို့ ပြောကြားရရင် **တပ်မတော်သည် ပြည်သူ့အတွက်** ဆိုတာကို စွဲစွဲမြဲမြဲ ခံယူထားကြရမယ်။ ထို့အတူပဲ ပြည်သူလူထုအပေါ် သစ္စာစောင့်သိရိုသေပါ၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပါ၊ ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပါစတဲ့ ပြည်သူလူထုအပေါ် ပြုကျင့်ရမယ့်ကျင့်ဝတ်(၁၀)ပါးကို တိတိကျကျစောင့်ထိန်းကြရမယ်။ ယနေ့တပ်မတော်ဟာ နိုင်ငံတော်တာဝန်ကို ယူလိုက်ရတဲ့အခါမှာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေကို ကွက်လပ်မကျန်ဆောင်ရွက်နေခြင်းဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဦးထိပ်ထားပြီး ဆောင်ရွက်နေခြင်းပဲဖြစ်တယ်။ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့အခြေခံလိုအပ်ချက်တွေကို တည်ဆောက်ပေးခြင်းဖြင့် ပြည်သူလူထုရဲ့ ဆန္ဒကို မှန်မှန်ကန်ကန်ဖော်ဆောင်ပေးနေခြင်းလဲ ဖြစ်တယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်မှာ ခေတ်စနစ်နဲ့ကိုက်ညီတဲ့ အခြေအနေအရပ်ရပ်ကို ပြုပြင်ပြောင်းလဲတည်ဆောက်ပေးနေရင်း အခြားတစ်ဖက်ကလဲ နိုင်ငံတော်လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းကျော်ရှိတဲ့ ကျေးလက်နေ တောင်သူလယ်သမားတွေရဲ့ ဘဝမြင့်မားရေးကို အဓိကဦးတည်ပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်တယ်။

ဒီလိုဆောင်ရွက်ရာမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး (၂၄) ခု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစတဲ့ စီမံကိန်းကြီး (၃)ရပ်နဲ့ ကွက်လပ်မကျန်ရအောင် ဆောင်ရွက်နေခြင်းဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ ဒီစီမံကိန်းကြီး(၃)ရပ်မှာ ကျရာကဏ္ဍက အင်တိုက်အားတိုက်ပါဝင်ထမ်းဆောင်ကြဖို့နဲ့ အထူးသဖြင့် ရောက်ရာဒေသမှာ တွေ့ရတဲ့ ပြည်သူကို ကိုယ့်မိဘအရင်းအချာပမာ သဘောထားပြီး အကျိုးပြုကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ပြည်သူတွေရဲ့ ရင်နှစ်သည်းချာဖြစ်တဲ့ ရဲဘော်တို့ကို မိဘပြည်သူတွေက ချစ်ခင်ရင်းစွဲရှိပြီးသားဖြစ်တယ်။ ရဲဘော်တို့အနေနဲ့က စစ်သည်တော် ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာမြဲမြံစွာ စောင့်ထိန်းရမယ်။ စစ်စည်းကမ်းကို တိတိကျကျလိုက်နာရမယ်။ ဒါဆိုရင် တွေ့ရဆုံရတဲ့ ပြည်သူတွေဟာ ရဲဘော်တို့အပေါ် သံယောဇဉ်တရား ပိုမိုကြီးမားလာလိမ့်မယ်။

ဒို့တပ်မတော်သားဆိုတာဟာ နယ်ဘက်ဥပဒေရော၊ စစ်ဘက်ဥပဒေပါလိုက်နာရတယ်။ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်ဟာ စည်းကမ်းသာမရှိရင် ပရမ်းပတာနဲ့ ပျက်စီးသွားမှာဖြစ်တယ်။ စည်းကမ်းဟာ တပ်မတော်ရဲ့ အသက်ခန္ဓာဖြစ်တယ်။ ဒါကြောင့်ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြနေထိုင်ခြင်းဖြင့် တပ်မတော်ရဲ့အစဉ်အလာကို စောင့်ထိန်းနိုင်တဲ့အပြင် ပြည်သူတွေရဲ့တစ်ခဲနက်အားပေးထောက်ခံမှုကိုလဲ ရရှိမှာဖြစ်တယ်။ ထို့အတူပဲ လက်အောက်ငယ်သားများအပေါ် ခေါင်းဆောင်မှုကိုလဲ တစ်စိတ်တစ်ပိုင်းအားဖြင့် ရရှိမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

ခေါင်းဆောင်ငယ်များအဖြစ် ခန့်အပ်ခြင်းခံကြရတော့မယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ရမည်၊ တပ်၏ကောင်းရာကောင်းကျိုးအတွက် အစဉ် ကြိုးပမ်းဆောင်ရွက်လိုစိတ်ရှိရမည်၊ အခွင့်အရေးနှင့် ယှဉ်လာလျှင် မိမိက အမြဲ အနစ်နာခံတတ်ရမည်၊ တပ်မှူးကောင်းစိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်ရှိရမည်၊ သတ္တိဗျတ္တိရှိရမည် စတဲ့ **ခေါင်းဆောင်မှုအင်္ဂါရပ်**တွေနဲ့ ပြည့်စုံအောင်ဦးစွာကြိုးပမ်းရမယ်။ ထို့အတူပဲ အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်(၁၀)ပါး၊ လက်အောက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်(၅)ပါး၊ အခြားရဲဘော်များအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀)ပါးတို့ကိုလဲ ကျေပွန်ရမယ်။ ဒါ့အပြင် စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံမှလဲ လက်အောက်ငယ်သားများရဲ့ အားထားယုံကြည်မှုကို ရရှိမှာဖြစ်တယ်။ ဒါတွေဟာ ခေါင်းဆောင်မှုသဘောတရားရဲ့ အခြေခံတွေဖြစ်ပြီး အဆင့်နဲ့လျော်ညီတဲ့ ကြီးကြပ်မှုနဲ့ ကွပ်ကဲမှုကောင်းအောင် ဆက်လက်လေ့လာဆည်းပူးရမယ်။ ဒါကြောင့် ရဲဘော်တို့ကို ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်း၊ ခြေလျင်တပ်ရင်းမှူးသင်တန်း စသဖြင့် အဆင့်အလိုက် ဆင့်ကဲသင်တန်းတွေမှာ လေ့ကျင့်ပေးဦးမှာဖြစ်တယ်။ သို့သော်လဲ ခေါင်းဆောင်မှုဆိုတာ ကိုယ်တိုင်တည်ဆောက်ယူရတာ ဖြစ်တဲ့အတွက် ခေါင်းဆောင်ကောင်းများဖြစ်အောင် မိမိကိုယ်မိမိ တည်ဆောက်ကြဖို့ မှာကြားလိုတယ်။ ဒါမှသာ ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ သားကောင်းရတနာတွေ ဖြစ်လာကြမှာဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်ဟာ နိုင်ငံတော်မှာ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ထွန်းလာရေးကို အစဉ်တစိုက် ကြိုးပမ်းလျက်ရှိတယ်။ ဒါကြောင့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးဖြစ်တဲ့ အဖွဲ့အစည်းများက ကိုယ်စားလှယ်များ၊ နိုင်ငံတော်အတွင်းမှာရှိတဲ့ မြို့နယ်တိုင်းက တိုင်းရင်းသား ကိုယ်စားလှယ်များစတဲ့ အစုအဖွဲ့(၈)ဖွဲ့ ပါဝင်တဲ့ ကိုယ်စားလှယ်တော် တစ်ထောင်ကျော်နဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့တယ်။ အမျိုးသားညီလာခံကြီးမှာ တိုင်းရင်းသားတွေစုပေါင်းတိုင်ပင်ညှိနှိုင်းပြီး ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအရ ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)ကို ကော်မရှင်ဖွဲ့စည်းပြီး ရေးဆွဲစေခဲ့တယ်။ ရေးဆွဲပြီးတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)ကိုလဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က လာမယ့်မေလ(၁၀)ရက်နေ့မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို စနစ်ကျနမှန်ကန်စွာ ကျင်းပပေးတော့မှာဖြစ်တယ်။ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုပြီးရင် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ဟာ ပြီးမြောက် အောင်မြင်ဖို့ လွန်စွာနီးကပ်သွားပြီဖြစ်တယ်။

တပ်မတော်က နိုင်ငံတော်အာဏာလွှဲပြောင်းရေးကို စနစ်တကျဆောင်ရွက်နေရာမှာ သဘောထား မညီမျှတဲ့ ပြည်တွင်းပြည်ပပုဂ္ဂိုလ်အနည်းငယ်က ဖျက်လိုဖျက်ဆီး ဆောင်ရွက်လျက်ရှိကြတယ်။ သို့သော်လဲ တပ်မတော်ဟာ ပြည်သူ့ဆန္ဒကို ဦးထိပ်ပန်ဆင်သွားမှာဖြစ်ကြောင်းနဲ့ အဖျက်အန္တရာယ်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး တွန်းလှန်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်-

- **တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို အသက်ပေး စောင့်ထိန်းကြပါ။**
- **တပ်မတော်ရဲ့ အဓိကတာဝန်ကြီး (၃)ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါ။**
- **နယ်ဘက် ဥပဒေ၊ စစ်ဘက် ဥပဒေတို့ကို လေးစားလိုက်နာပြီး စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ စောင့်ထိန်းကြပါ။**
- **နိုင်ငံတော်နဲ့တပ်မတော်အတွက် အားထားရတဲ့သားကောင်းရတနာများ ဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့** မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံတောင်ပိုင်း ဗန်ကောက်မြို့၌ (၂၅)နှစ်မြောက် ထိုင်းနှင့်စင်ကာပူ ချစ်ကြည်ရေးအထိမ်းအမှတ်ပွဲအဖြစ် စင်ကာပူလေတပ်မှ တိုက်လေယာဉ်များ၏ စွမ်းရည်ပြသမှုကို ဧပြီ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ သုံးဦးသေဆုံး၊ ၂၀ကျော် ဒဏ်ရာရ၊ ခုနစ်ဦး စိုးရိမ်ရ

အစ္စလမ္မာဘတ် ဧပြီ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဧပြီ ၂၅ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသတွင်း သတင်းစာများက ရေးသားဖော်ပြသည်။

ပေါက်ကွဲ

အဆိုပါ ပေါက်ကွဲမှုမှာ ပါရာဝါမြို့မှ ကီလိုမီတာ ၆၀ခန့်အကွာ မာဒန်မြို့ရှိ ရဲဌာနအနီး၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရရှိ

သေဆုံးသူများတွင် ရဲတပ်ဖွဲ့အရာရှိတစ်ဦး၊ ဟိုတယ်ပိုင်ရှင်တစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူများကို မန်ဒန်မြို့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများတွင် ခုနစ်ဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

ဗုံးပေါက်ကွဲမှုမှာ အင်အားပြင်းထန်သော ကားဗုံးပေါက်ကွဲမှု ဖြစ်ကြောင်း၊ ဗုံးပေါက်ကွဲသည့် အသံမှာ မန်ဒါမြို့တစ်မြို့လုံး လွှမ်းမိုးသွားကြောင်း၊ ရဲဌာနအဆောက်အအုံနံရံအနီးတွင် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း အနီးအနားရှိ ဈေးဆိုင် ၁၅ ဆိုင်မှာလည်း ပျက်ဆီးသွားခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

(အင်တာနက်)

(၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော် ဘူဒါပက်စ်၌ပြသ

ဘူဒါပက်စ် ဧပြီ ၂၅

ဟန်ဂေရီနိုင်ငံမြို့တော်ဖြစ်သည့် ဘူဒါပက်စ်မြို့၌ ဧပြီ ၂၄ ရက်က (၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်ကို ဟန်ဂေရီယဉ်ကျေးမှုဝန်ကြီး အစ်ဗန်ဟီလာက ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်သည်။

ပြသထား

အဆိုပါ စာအုပ်ပွဲတော်တွင် ဟန်ဂေရီနှင့် နိုင်ငံတကာမှ စာပေထုတ်လုပ်ရေးလုပ်ငန်းရှင် ၆၀၀ကျော်တို့၏ စာအုပ်အတွဲပေါင်း ၅၀၀၀၀ ကိုပြသထားသည်။

အဓိကဧည့်သည်

တရုတ်နိုင်ငံမှ ယခုပြသထားသည့် အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်တွင် အဓိကဧည့်သည်တော်အဖြစ် ပါဝင်ပြသခဲ့သည်။ တရုတ်နိုင်ငံမှ စာပေထုတ်လုပ်ရေးလုပ်ငန်းရှင် ၇၀တို့၏ စာအုပ်ပေါင်း ၁၀၀၀ကျော်ကို ဟန်ဂေရီပြည်သူများအား မိတ်ဆက်ပြသသည့်အနေဖြင့် ယူဆောင်လာခဲ့သည်။ ဘူဒါပက်စ်အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်ကို ဧပြီ ၂၇ ရက်အထိ ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိသည်။

(အင်တာနက်)

အီဂျစ်၌ အထည်ချုပ်စက်ရုံ မီးလောင်

ကိုင်ရို ဧပြီ ၂၅

အီဂျစ်နိုင်ငံ အစ်မေးလီးယားမြို့ရှိ အထည်ချုပ်စက်ရုံတစ်ရုံ ဧပြီ ၂၄ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပျက်စီး

မီးလောင်မှု ဖြစ်ပွားရာသို့ မီးသတ်ကားများအပြင် ရဟတ်ယာဉ်များဖြင့်ပါ ကြိုးပမ်း မီးငြိမ်းသတ်ခဲ့ကြရကြောင်း၊ **(ယာပုံ)** တန်ဖိုးငွေ အမေရိကန်ဒေါ်လာသန်း ၂၀ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆေးရုံတင်ပို့

အထည်ချုပ်စက်ရုံအတွင်းရှိ အလုပ်သမား ၂၀ကျော်မှာ မီးခိုးများ ရှူရှိုက်မိခဲ့သဖြင့် ဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။

(အင်တာနက်)

အစ္စရေးနှင့် ဟားမတ်စ်တို့ ပဋိပက္ခ အီဂျစ်ကြားဝင်ဖျန်ဖြေရန်ကြိုးစား

ဘာလင် ဧပြီ ၂၅

အစ္စရေးနှင့် ဟားမတ်စ်တို့ အကြားဖြစ်ပွားနေသော ပဋိပက္ခပြေလည်မှုရရှိစေရေး အီဂျစ်နိုင်ငံက ကြားဝင်ဆောင်ရွက်ရန် ကြိုးစားနေကြောင်း ဘာလင်မြို့သို့ အလည်အပတ် ရောက်ရှိနေသော အီဂျစ်သမ္မတ ဟိုစ်နီမူဘာရက်က ပြောကြားသည်။

ဆွေးနွေး

အီဂျစ်နိုင်ငံသည် နှစ်ဦးနှစ်ဖက်မှ အကြောင်းပြန်ကြားမှုကို စောင့်နေဆဲဖြစ်ကြောင်း၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာ မာကဲလ်နှင့် ဆွေးနွေးအပြီး ၎င်းကသတင်းထောက်များအား ပြောကြားသည်။

ကြားဝင် ဖျန်ဖြေမှုများ ပြုလုပ်နိုင်ရေးအတွက် နှစ်နိုင်ငံဘက်မှ အပစ်အခတ်ရပ်စဲလျှင် ဆွေးနွေးမှုကို စတင်နိုင်လိမ့်မည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိုလံပစ်အထိမ်းအမှတ် သွေးလှူသူတစ်သိန်း ပေကျင်း၌စုဆောင်း

ပေကျင်း ဧပြီ ၂၅

တရုတ်နိုင်ငံပေကျင်းမြို့တွင် အိုလံပစ်ပွဲတော် အထိမ်းအမှတ်အဖြစ် သွေးလှူရှင်တစ်သိန်းပြည့်မီအောင် စုဆောင်းမည်ဖြစ်ကြောင်း ပြည်နယ်သွေးလှူဒါန်းရေးအဖွဲ့က ဧပြီ ၂၅ရက်က ပြောကြားသည်။

ယခု အစီအစဉ်အား ဧပြီလဆန်းမှ စတင် ဆောင်ရွက်လျက်ရှိကာ ဇူလိုင်လတွင်း ပြည့်မီမည်ဟု မျှော်မှန်းထားသည်။

(အင်တာနက်)

ဘဝအမောပြေ

အကြံထုတ်နေတာ ...

ကမ်းစပ်တစ်ခု၌ နေပူထဲတွင် တစ်နေကုန်ထိုင်ကာ ငါးမျှားနေသော တံငါသည်တစ်ဦးကို လူတစ်ဦးက တစ်ချိန်လုံး သတိထားကြည့်နေခဲ့ပြီးနောက် ၎င်းတံငါသည်ထံသွားရောက်မေးမြန်းလေသည်။

အမျိုးသား ။ ။ တစ်နေကုန်နေပူထဲမှာ ငါးမျှားနေတယ်နော်

တံငါသည် ။ ။ ဟုတ်ကဲ့။

အမျိုးသား ။ ။ နေပူထဲမှာ ပင်ပန်းလိုက်တာဗျာ။

တံငါသည် ။ ။ ဟုတ်ကဲ့။

အမျိုးသား ။ ။ ငါးလည်းတစ်ကောင်မှမရသေးဘူးနော်။

တံငါသည် ။ ။ ဟုတ်ကဲ့။

အမျိုးသား ။ ။ အင်း…မိသားစုအတွက် တကယ်ကြိုးစားတဲ့သူပါပဲ။

တံငါသည် ။ ။ မိန်းမနဲ့ ဘယ်လိုကွာရှင်းရမလဲလို့ ငါးမျှားရင်း အကြံထုတ်နေတာဗျ။

အမျိုးသား ။ ။ "ဗျာ"။

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ဝင့်ကြွေးရှိလျှင် ပြေပါစေဟု....

အင်ဒရူးဝီလ်ဆင်

အယ်လ်တန်လိုဂန်

ချီကာဂိုမြို့သည် အမေရိကန်နိုင်ငံ အီလီနွိုက် ပြည်နယ်အရှေ့မြောက်ပိုင်းရှိ မစ်ချီဂန်ရေအိုင်ကြီး၏ ကမ်းနဖူးတွင်တည်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။ လူဦးရေလေးသန်းနီးပါးနေထိုင်၍စည်ကားပြီး သာယာလှပသော်လည်း ယင်းမြို့တွင်နေထိုင်ကာ သူ မကျူးလွန်ခဲ့သောပြစ်မှုအတွက် တစ်သက်တစ်ကျွန်းထောင်ဒဏ်ကျခံနေရသူ အယ်လ်တန်လိုဂန်မှာ ထိုသာယာလှပသည့် ပျော်ရွှင်ဖွယ်ရာ ရှုခင်းများကိုခံစားခွင့်မရှိချေ။ လိုဂန်သည် တစ်သက်တစ်ကျွန်းထောင်ဒဏ်ကို လွန်ခဲ့သည့် ၁၉၈၂ခုနှစ်ကတည်းက ကျခံခဲ့ရခြင်းဖြစ်ရာ ယခုအခါ ၂၆နှစ်ကို လွန်မြောက်ခဲ့ပြီဖြစ်သည်။

ထိုအတွင်း ငရဲခန်းကိုဖြတ်သန်းကာ ငရဲတွင်း ကျနေရသူကဲ့သို့ ခါးသီးစွာ ခံစားခဲ့ရသည်။ ၁၉၈၂ခုနှစ် ဇန်နဝါရီလက ချီကာဂိုမြို့ မက်ဒေါနယ် စားသောက်ဆိုင်၌ အရာရှိနှစ်ဦးကို ပစ်ခတ်ခဲ့သူနှင့် ရုပ်ချင်းဆင်တူသည့် အယ်လ်တန်လိုဂန်သည် ပြစ်မှုကျူးလွန်သူ အင်ဒရူးလ်ဝီလ်ဆင်နှင့်အတူ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကို ကျခံခဲ့ရသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင်မူ သူ့အတွက် မှားယွင်းစွာ ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်မြောက်မည့် လမ်းစပေါ်လာခဲ့သည်။

တစ်သက်တစ်ကျွန်း

အကြောင်းမှာ ပြစ်မှုကျူးလွန်ခဲ့ပြီး သူနှင့်အတူ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံနေခဲ့ရသော အင်ဒရူးဝီလ်ဆင်သည် ထောင်ထဲတွင် သေဆုံးသွားခဲ့သောကြောင့် သူ့ဘဝတစ်ဆစ်ချိုး ပြောင်းလဲရန် ဖန်လာခြင်းဖြစ်သည်။ အင်ဒရူးဝီလ်ဆင်သည် မက်ဒေါနယ်စားသောက်ဆိုင်၌ လုံခြုံရေးအရာရှိနှစ်ဦးဖြစ်သည့် ဝီလျံဖာဟေးနှင့် အိုဘရိုင်ယန်တို့ကို ပစ်သတ်ခဲ့သည်။

အင်ဒရူးဝီလ်ဆင် သေဆုံးခဲ့ပြီးနောက် ၎င်း၏ ရှေ့နေများဖြစ်ကြသော ဒေးလ်ကိုဗင်ထရီ၊ ဒဗလျူဂျမီး ကွန်နီဇ်တို့သည် ၎င်းတို့၏ အမှုသည် ဝီလ်ဆင်၏အကျိုးအတွက် ယင်းအမှုတွင် အခြားအဖမ်းခံရသူ အက်ဒ်ဂါဟိုပ်၏ ရှေ့နေမာ့က်မီလာနှင့် ၁၉၈၂ခု မတ်၁၇ရက်က လျှို့ဝှက်သဘောတူညီချက်ထားခဲ့ကြသော ကျမ်းကျိန်လွှာကို ဖွင့်ဟဖော်ထုတ်ခဲ့ကြသည်။ ရဲအရာရှိ နှစ်ဦးကိုပစ်သတ်ခဲ့သော ဝီလ်ဆင်သည် သေဒဏ်ကျခံရမည်ကိုသိနေသော ရှေ့နေများသည် ဝီလ်ဆင်က ၎င်းတို့အား ရဲအရာရှိများကို သူတစ်ဦး တည်းသာ ပစ်သတ်ခဲ့သည်ဟု ဝန်ခံခဲ့သော်လည်း တရားရုံးတွင် ဖော်ပြပါက ၎င်း၏အမှုသည် သေဒဏ်ကျခံရမည့်အရေးကို ကာကွယ်သည့်အနေဖြင့် အဆိုပါ ကျမ်းကျိန်လွှာကို မိတ္တူပြင်မကူးဘဲ ကိုဗင်ထရီ၏ မီးခံသေတ္တာထဲတွင် ၂၆နှစ်လုံးလုံး သို့ဝှက် သိမ်းဆည်းထားခဲ့ကြသည်။

စိတ်မကောင်းကြီးစွာ

ဝီလ်ဆင်၏ရှေ့နေဒေးလ်ကိုဗင်ထရီနှင့် ဒဗလျူဂျမီကွန်နီဇ်တို့၏ အမှုသည်အပေါ် ညာတာမှုကြောင့် အယ်လ်တန်လိုဂန်မှာ လူသတ်မှုမကျူးလွန်ပါဘဲ ထောင်ထဲတွင် ၂၆နှစ်လုံးလုံး ထောင်ဒဏ်ကျခံခဲ့ရသည်။ ကွန်နီဇ်နှင့်ကိုဗင်ထရီသည် အမှုဖြစ်စ ၁၉၈၂ခုနှစ်က ၎င်းတို့၏အမှုသည် ဝီလ်ဆင်ကို မထိခိုက်စေဘဲ လိုဂန်ကိုလွတ်မြောက်အောင် ကူညီရန်ကြိုးစားသေးသည်။ ကွန်နီဇ်သည် ၎င်း၏အမှုသည် ဝီလ်ဆင်သေဒဏ်ချမှတ်ခံရမည်ဟု ထင်မှတ်ခဲ့သော်လည်း တကယ်တမ်းတစ်သက်တစ်ကျွန်း ထောင်ဒဏ်သာကျခံ ခဲ့ရသည့်အတွက် စိတ်သက်သာရာရခဲ့သော်လည်း အပြစ်မဲ့စွာ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံခဲ့ရသော လိုဂန်အတွက် စိတ်မကောင်းကြီးစွာဖြစ်ခဲ့ရပြီး အခြေအနေပေးလျှင် ကူညီကယ်တင်ရန် ဆုံးဖြတ်ထားသည်။

ယခုအခါ၎င်း၏ အမှုသည် ဝီလ်ဆင်ထောင်ထဲတွင် သေဆုံးခဲ့ပြီဖြစ်သလို လွန်ခဲ့သော ၁၉၈၂ခုနှစ် ပြစ်ဒဏ်ကျစဉ် အသက် ၂၆နှစ်အရွယ်ရှိပြီး ယခုအသက် ၅၄နှစ်အရွယ်ရှိနေပြီဖြစ်သည့် လိုဂန်ကိုကယ်တင်ရန် ကြိုးစားခဲ့တော့သည်။ ၎င်းတို့၏ လျှို့ဝှက်ကျမ်းကျိန်လွှာ၌ပါရှိသည့် အကြောင်းအရာမှာ ပြစ်မှုတွင်အပြစ်မဲ့သူတစ်ဦး သံတိုင်များနောက်တွင် ရောက်ရှိနေခဲ့သည်။ သူ၏အမည်မှာ အယ်လ်တန်လိုဂန်ဖြစ်သည်။ သူသည် ၁၉၈၂ခုနှစ် ဇန်နဝါရီလအတွင်းက မက်ဒေါနယ်စားသောက်ဆိုင်တွင် လုံခြုံရေးတစ်ဦးကို မသတ်ခဲ့ပါဟူသော စာသားများပါရှိသည်။

ထိုသို့ ဖော်ထုတ်ခဲ့မှုကြောင့် ယခုအခါဧပြီ ၁၃ ရက်မှစတင်ကာ အယ်လ်တန်လိုဂန်၏ ရှေ့နေဟာနီးလ်ဝင်စတန်က အမှုကိုစတင်ကိုင်တွယ်ခဲ့ပြီး ဧပြီ ၁၈ရက်က ၎င်းစုဆောင်းထား သည့် အချက်အလက်များကို တရားရုံးသို့ တင်သွင်းခဲ့သည်။ ယင်းအချက်အလက်များတွင် လျှို့ဝှက်ကျမ်းကျိန်လွှာနှင့်အတူ အခင်းဖြစ်ပွားစဉ် မက်ဒေါနယ်စားသောက်ဆိုင်၌ လိုဂန်မရှိကြောင်းမျက်မြင် သက်သေတစ်ဦးဝီလ်ဆင်သည် လူသတ်မှုတွင် ပါဝင်ပတ်သက်ပြီး လိုဂန်အမှုနှင့်လုံးဝပတ်သက်ခြင်းမရှိကြောင်း ဝီလ်ဆင်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အခြားထောင်သားတစ်ယောက်ထံမှ စာတို့ဖြစ်သည်။

ယခုဖြစ်ရပ်တွင် အယ်လ်တန်လိုဂန်သည် လုံးဝပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ပြစ်မှုကျူးလွန်သူ အင်ဒရူးဝီလ်ဆင်နှင့် အင်္ဂါရုပ်ဆင်တူ၊ ဒဗလျူဂျမီကွန်နီဇ်နှင့် ဒေးလ်ကိုဗင်ထရီဆိုသော ရှေ့နေနှစ်ဦးတို့က ၎င်းတို့၏အမှုသည် အင်ဒရူးဝီလ်ဆင်သေဒဏ်မကျခံရစေရေးအတွက် တစ်ကိုယ်ကောင်းဆန်အတ္တကြီးမားခဲ့ခြင်းတို့ကြောင့် အပြစ်မရှိဘဲ ထောင်ထဲတွင်၂၆နှစ်ကျော် ပြစ်ဒဏ်ကျခံခဲ့ရသည်။ အယ်လ်တန်လိုဂန်အနေဖြင့် ဝင့်ကြွေးရှိလျှင် ပြေပါစေဟုခံယူလိုသော်လည်း ကံကြမ္မာမျက်နှာသာမပေးမှုအပေါ်တွင် နာကြည်းခဲ့ရသည့်အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် တင်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၅-၄-၂၀၀၈

မလေးရှားနှင့် အိန္ဒိယ အလုပ်သမားများကိစ္စ သဘောတူစာချုပ်

နှစ်နိုင်ငံ အလုပ်သမားများ အပြန်အလှန် စေလွှတ်ရေးနှင့် အလုပ်သမားများ အခွင့်အရေးကို ကာကွယ်ပေးရေးဆိုင်ရာ သဘောတူညီမှုအပေါ် အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့ လက်မှတ်ရေးထိုးကြတော့မည် ဖြစ်သည်ဟု မလေးရှား အရာရှိများက ပြောကြားသည်။ မလေးရှားနိုင်ငံသည် ပင်လယ်ကွေ့နိုင်ငံများနှင့်လည်း အဆိုပါသဘောတူညီချက်မျိုး စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။

ယူအေအီး၌ ကုန်သွယ်မှုဇုန် တည်ဆောက်မည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ အာဗူဒါဘီ အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး လွတ်လပ်စွာ ကုန်သွယ်မှုဇုန်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း ယူအေအီး ကုန်သွယ်ရေးအရာရှိများက ပြောကြားသည်။

အဆိုပါကုန်သွယ်ရေးဇုန်ကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံ အကုန်အကျခံ တည်ဆောက်မည်ဖြစ်ပြီး အာဗူဒါဘီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့်ခရီးသည်များ တည်းခိုနေထိုင်ရန် ဟိုတယ်အဆောက်အအုံများလည်း ပါဝင်သည်ဟု ၎င်းတို့ကပြောကြားသည်။

ထိုင်းတောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား ငါးဦးသေဆုံး

ထိုင်းနိုင်ငံတောင်ပိုင်း၌ လက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် အလုပ်သမားငါးဦး သေဆုံးသွားကြောင်း ထိုင်းရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီမြို့နယ် ယာယန်ခရိုင်အတွင်းဖြစ်ပြီး ဆောက်လုပ်ရေး အလုပ်သမားများ တင်ဆောင်လာသောကားကို လက်နက်ကိုင်များက ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အလုပ်သမားငါးဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး လေးနိုင်ငံသဘောတူညီ

ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်း သွယ်တန်းရေးအတွက် တာ့ခ်မင်နစ္စတန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အိန္ဒိယ နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းကို ၂၀၁၀ပြည့်နှစ်၌ စတင်တည်ဆောက်သွားမည် ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၇ဒသမ ၆ဘီလီယံကုန်ကျမည်ဟု ၎င်းတို့က ပြောကြားသည်။

အစွန်းရောက်တပ်ဖွဲ့ဝင်များ ဂါဇာကမ်းမြောင်ဒေသသို့ဝင်ရောက်ပစ်ခတ်

အစ္စရေးတပ်ဖွဲ့ဝင်များက တင့်ကားများ၊ စစ်ယာဉ်များအသုံးပြု၍ ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းသို့ဝင်ရောက်ပြီး ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြကြောင်း ပါလက်စတိုင်းအရာရှိများ ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ ဘတ်ဟာနွန်မြို့အတွင်း အစ္စရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်ပစ်ခတ်ခဲ့မှုကြောင့် ပါလက်စတိုင်းတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း၊ နေအိမ်အချို့လည်း ပျက်စီးသွားကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်း ပြန်လည်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေး နှုန်းမြင့်တက်နေကြောင်း ရေနံ ရောင်းနိုင်ငံများအဖွဲ့ (အိုပက်)မှ အရာရှိများကပြောကြားသည်။ ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် ၁၀၉ ဒေါ်လာရှိနေရာမှ ယခုအခါ အမေရိကန် ဒေါ်လာ ၁၁၁ ဒသမ ၁၄ ဒေါ်လာသို့ မြင့်တက်လာကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းတန့်နေရာမှ ဈေးနှုန်းများ ကျဆင်းလာကြောင်း တရုတ် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၉၉ ဒသမ ၃၁ အထိ ကျဆင်းလာလျက်ရှိ သည်။

အီရန်သမ္မတ ပါကစ္စတန်သို့ အလည်အပတ်ခရီး သွားရောက်မည်

အီရန် သမ္မတ အာမက်ဒီနီဂျက်သည် ပါကစ္စတန်နိုင်ငံသို့ ဧပြီ ၂၈ရက်၌ အလည်အပတ်ခရီးရောက်ရှိမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

အီရန်သမ္မတအနေဖြင့် ပါကစ္စတန်သမ္မတ မူရှာရက်ဖ်နှင့် တွေ့ဆုံကာ အီရန်၊ ပါကစ္စတန်၊ အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်သည်။

သူတို့ အတွေးနှင့် အမြင်

* *Real knowledge, like everything else of value, is not to be obtained easily. It must be worked for, studied for, thought for, and more than all, must be prayed for.*

စစ်မှန်သောဗဟုသုတသည် အခြားအရာများကဲ့သို့ပင် အလွယ်တကူဖြင့် မရနိုင်။ ထိုသို့ ရရှိရန်အတွက် အလုပ်လုပ်ရသည်။ လေ့လာရသည်။ တွေးတောစဉ်းစားရသည်။ ထိုထက်သာမက ရှိခိုးဆုတောင်းရသေးသည်။

သောမတ်စ်အာနိုးလ်
(အင်္ဂလိပ်လူမျိုးကျောင်းဆရာ)

* *The hatred of the vicious will do you less harm than their conversation.*

သင့်အားမုန်းတီးသည့် လူယုတ်မာ၏ အမုန်းတရားသည် သူတို့၏ စကားများလောက် အန္တရာယ်မကြီးမားပေ။

ရစ်ချတ်ဘင့်တလေး
(အင်္ဂလိပ်လူမျိုး ဝေဖန်ရေးဆရာ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တွင် ဧပြီ ၂၀ ရက်က လူ ၁၀၀၀၀ ကျော်တို့ စုပေါင်းပြီး စက်ဘီးများကို ဦးခေါင်းပေါ်သို့ ပင့်မြှောက်ပြီး မြို့တွင်းအနှံ့ လှည့်လည် သွားလာခဲ့ကြကြောင်း ကမ္ဘာကျော်ဂင်းနက်စ် မှတ်တမ်း၌ ဖော်ပြခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)



ဂျပန်နိုင်ငံ တိုကျိုမြို့ မြောက်ပိုင်း ဂမ်မာစီရင်စုရှိ တူရူဒါမြစ်ပေါ်၌ ဧပြီ ၂၁ ရက်က အရောင်စုံပါရှိသော ငါးကောင်ရေ ၆၀၉၀ ကို ကြိုးဖြင့် သီတန်းကာပြသခဲ့ရာ ကမ္ဘာပေါ်၌ ငါးကောင်ရေ အများဆုံး သီတန်းပြသမှုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အင်တာနက်ဓာတ်ပုံ)

ရှားပါးအပင်များပေါက်ရောက်ရာ မောရစ်ရှပ်နိုင်ငံ

သတင်းအက်ဆေး



မောရစ်ရှပ်သမ္မတနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်း တည်ရှိသည်။ မီးတောင်ကျွန်းတစ်ကျွန်းဖြစ်သည်။ ပင်လယ်ထုံးအိုင်များနှင့်တကွ ပတ်ပတ်လည်သမုဒ္ဒရာအတွင်းသို့ ခြေဆင်းထားသည့် ပင်လယ်ကမ်းခြေတို့ကို အုန်းထန်းပင်များက အစီအရီအနား ကွပ်ပေးလိုက်သည့်အတွက် သာမောဖွယ် သဘာဝအလှကို ဆေးပန်းချီ ခြယ်ပေးလိုက်သကဲ့သို့ ဖြစ်သည်။

ကမ္ဘာ့အနှံ့

တည်ငြိမ်အေးချမ်းသည့်ဤနိုင်ငံ၌ မှီတင်းနေထိုင်ကြသည့် အာရှ၊ ဥရောပနှင့် အာဖရိကမျိုးနွယ်တို့အကြား လူမျိုးစုခြင်း သဟဇာတဖြစ်မှုကြောင့်လည်း ဤနိုင်ငံ၏ ကောင်းသတင်းမှာ အိန္ဒိယသမုဒ္ဒရာကိုဖြတ်၍ ကမ္ဘာ့အနှံ့ သင်းပျံ့လျက်ရှိသည်။ ထို့ပြင် ဤနိုင်ငံသည် ဖွံ့ဖြိုးဆဲကမ္ဘာတွင် ဒီမိုကရေစီ အအောင်မြင်ဆုံးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ပေါင်းမြောက်မြားစွာ လေးစားလိုက်နာသည်ဟူသော သတင်းက နောက်ဆက်တွဲ ပါလာသည်။

အခြေချနေထိုင်

လွန်ခဲ့သည့် ၁၀ ရာစုနှစ်များအတွင်းက ဤကျွန်း၌ လူသူမနေ၊ ဖိုနီးရှန်း၊ မလေး၊ ဆွာဟီလီနှင့် အာရပ်တို့လာရောက်လည်ပတ်ခဲ့သော်လည်း အခြေချနေထိုင်ခဲ့ခြင်း မရှိခဲ့။ ၁၄၉၈ ခုနှစ်တွင် ပေါ်တူဂီနယ်သစ်ပယ်သစ် ရှာဖွေသူတို့ မောရစ်ရှပ်ကျွန်းကို အမှတ်မထင်တွေ့ရှိသည်။ ၁၅၁၀ ပြည့်နှစ်တွင် ပေါ်တူဂီတို့က သင်္ဘောခရီးစဉ်အတွင်း ဝင်ရောက်ဆိုက်ကပ်ရာ ဆိပ်ကမ်းအဖြစ် အသုံးပြုလာသည်။ ၁၆၃၈-၁၆၅၈ ခုနှစ်တို့တွင် ဒတ်ချ်တို့ စတင်အခြေချခဲ့သည်။ ၁၉၆၄-၁၇၁၀ ပြည့်နှစ်များတွင် ဒတ်ချ်တို့ လက်အောက်ခံပြုရန် ကြိုးပမ်းသော်လည်း မအောင်မြင်၍ အပြီးတိုင် ဆုတ်ခွာသွားသည်။ ထိုအချိန်၌ ပင်လယ်ဓားပြများသာ အခြေချနေထိုင်သည်။

၁၈၁၀ ပြည့်နှစ်တွင် ပြင်သစ် တပ်ကို အနိုင်တိုက်ပြီးနောက် ဗြိတိသျှတပ်များက မောရစ်ရှပ်ကိုသိမ်းလိုက်သည်။ ၁၈၁၂ခုနှစ်တွင် ဗိုလ်မှူးကြီးဒရက်ပါက မောရစ်ရှပ်မြင်းပွဲကလပ်ကို ထူထောင်သည်။ ကမ္ဘာပေါ်တွင် ဒုတိယသက်တမ်းအရှည်ဆုံး ကလပ်ဖြစ်သည်။

ကျွန်စနစ်ကိုဖျက်သိမ်း

၁၈၁၄ခုနှစ်တွင် ပါရီစာချုပ်အရ ပြင်သစ်က မောရစ်ရှပ်၊ ဆေးရှဲလ်နှင့် ရိုဒရစ်တို့ကို ဗြိတိန်ထံ လွှဲအပ်လိုက်ရသည်။ ၁၈၃၄ ခုနှစ်တွင် ဗြိတိန်က ကျွန်စနစ်ကို ဖျက်သိမ်းသည်။ ထို့နောက် အိန္ဒိယမှ အလုပ်သမားများကို ငှားရမ်းခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် အိန္ဒိယမှ မဟတ္တမဂန္ဒီကြီး လာရောက်လည်ပတ်သည်။ ၁၉၁၀ပြည့်နှစ်တွင် အလုပ်သမားငှားရမ်းမှုစနစ် ဖျက်သိမ်းသည်။ ၁၈၃၄ ခုနှစ်မှ ၁၉၁၀ ပြည့်နှစ်အထိ အိန္ဒိယအလုပ်သမား ၄၅၁၇၇၆ဦး ကြံစိုက်ပျိုးရေး အတွက်ရောက်လာပြီး ၁၅၇၆၁၉ဦး အိန္ဒိယသို့ ပြန်သွားကြသည်။

၁၉၅၉ခုနှစ်တွင် အသက်အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရသည့် ပထမဆုံးရွေးကောက်ပွဲ ကျင်းပသည်။ ဒေါက်တာ ဆီဝူးဆာဂါရမ်ဂူလမ်ဦးဆောင်သည့် အမ်အယ်ပီပါတီ အနိုင်ရခဲ့သည်။

ကွယ်လွန်

၁၉၆၈ခုနှစ် မတ် ၁၂ရက်တွင် လွတ်လပ်ရေးရသည်။ ၁၉၈၂ ခုနှစ်တွင် ဆာအနေရုဂျပ်နော့ ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံ့ဖခင် ဒေါက်တာဆီဝူးဆာဂါရမ်ဂူလမ်ကွယ်လွန်သည်။

၁၉၉၁ခုနှစ် ဒီဇင်ဘာတွင် သမ္မတနိုင်ငံ ထူထောင်ရေး လွှတ်တော်က အတည်ပြုပြီး ၁၉၉၂ ခုနှစ် မတ်လတွင် မောရစ်ရှပ်နိုင်ငံကို သမ္မတနိုင်ငံအဖြစ် ဝန်ကြီးချုပ်ဂျပ်နော့က ကြေညာသည်။ ဗိုလ်ချုပ်ကြီး ရင်ဂါဒူးသမ္မတ ဖြစ်လာသည်။ ၁၉၉၂ ခုနှစ်ဇွန်လတွင် ကက်ဆမ်အူတင်း သမ္မတဖြစ်လာသည်။ ၁၉၉၅ခုနှစ် ဒီဇင်ဘာတွင် အမ်အယ်ပီပါတီခေါင်းဆောင် နာဗင်ရမ်ဂူ လမ်ဝန်ကြီးချုပ် ဖြစ်လာသည်။ ၂၀၀၅ခုနှစ် ဇူလိုင်တွင် ဝန်ကြီးချုပ်ပြန် ဖြစ်သည်။ ၂၀၀၀ပြည့်နှစ်ကမူ ဝန်ကြီးချုပ် တာဝန်ကို ဆာအနေရုဂျပ်နော့က စတင် ထမ်းဆောင်ခဲ့သည်။

၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် လွှတ်တော်က ငါးနှစ်သက်တမ်းအတွက် ကားလ်အော့ဖ်မင်အား သမ္မတအဖြစ်ရွေးချယ်သည်။ ၂၀၀၃ခုနှစ် တွင်ဝန်ကြီးချုပ်ဟောင်း ဆာအနေရုဂျပ်နော့ သမ္မတဖြစ်လာသည်။ ဝန်ကြီးချုပ်ကို သမ္မတကရွေးချယ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သည့် အစိုးရအဖွဲ့က လွှတ်တော်ကို တာဝန်ခံရသည်။

ဆုံးဖြတ်

လက်ရှိသမ္မတမှာ ဆာအနေရုဂျပ်နော့ဖြစ်ပြီး ဝန်ကြီးချုပ်မှာ နာဗင်ရမ်ဂူလမ်ဖြစ်သည်။ ၁၅၉၈ခုနှစ်က ဒတ်ချ်တို့ပိုင်ဆိုင်စဉ် မောရစ်ရှပ်ကျွန်း၌လူသူမနေထိုင်။၁၇၁၀ပြည့်နှစ်တွင် ဒတ်ချ်တို့ စွန့်လွှတ်ပြီး ၁၇၁၅ ခုနှစ်တွင် ပြင်သစ်တို့သိမ်းသည်။ ထို့နောက် ၁၈၁၀ပြည့်နှစ်တွင် ဗြိတိန်က သိမ်းယူခဲ့သည်။ ရိုဒရစ်နှင့် အခြားကျွန်းငယ်လေးများမှာ မောရစ်ရှပ်ပိုင်ဖြစ်သည်။ မောရစ်ရှပ်သမ္မတနိုင်ငံက ချာဂိုးကျွန်းစုကို ပြန်ပေးရန်တောင်းဆိုသည်။ ထိုကျွန်းစုကို အမေရိကန် စစ်စခန်းထားရန် ကျွန်းသူကျွန်းသားများကို ဗြိတိန်ကနှင်ထုတ်ခဲ့သည်။ ၂၀၀၇ခုနှစ် မေလတွင် ချာဂိုးကျွန်းစုမှ နှင်ထုတ်ခံရသော မိသားစုများကို ပြန်သွားနိုင်ကြောင်း ဗြိတိန်သျှအယူခံရုံးက ဆုံးဖြတ်လိုက်သည်။

ရှင်သန်လျက်ရှိ

ဤနိုင်ငံသည် သကြားနှင့် အဝတ်အထည်တင်ပို့ရောင်းချပြီး အဆင့်မြင့် ခရီးသွားလုပ်ငန်း အချက်အချာနေရာ ဖြစ်သည့် အားလျော်စွာ ထိုဒေသ၊ ထိုအာဖရိကတစ်ဝိုက်တွင် လက်ချိုးရေ၍ ရလောက်အောင် နည်းပါးသည့် လူမှုရေးနှင့် စီးပွားရေး အဆင်ပြေသည့် နိုင်ငံအချို့တွင် ပါဝင်သည်။

လူဦးရေသုံးပုံတစ်ပုံရှိ အာဖရိကကျွန်များမှ ဆင်းသက်သူ မောရစ်ရှပ်ခရီ အိုလက်တို့မှာ ဆင်းရဲကြသော်လည်း ဤနိုင်ငံမှာ ငြိမ်းချမ်းသာယာလျက်ရှိပြီး ယဉ်ကျေးမှုအစဉ်အလာများလည်း ရှင်သန်လျက်ရှိသည်ကို တွေ့နိုင်သည်။

မောရစ်ရှပ်သမ္မတနိုင်ငံသည် ကမ္ဘာ့အရှားပါးဆုံးသော အပင်နှင့် တိရစ္ဆာန်မျိုးစိပ်များတည်ရှိရာ ဒေသဖြစ်သည်။ သို့သော် ဖွံ့ဖြိုးလျက်ရှိသည့် ခရီးသွားလုပ်ငန်းကြောင့် ထိုသို့သော ရှားပါးအပင်နှင့် တိရစ္ဆာန် မျိုးစိပ်များ ပျက်သုဉ်းပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းဖို့တာဝန်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

တည်ငြိမ်အေးချမ်းသည့် ဤနိုင်ငံ၌ မှီတင်းနေထိုင်ကြသည့် အာရှ၊ ဥရောပနှင့် အာဖရိကမျိုးနွယ်တို့အကြား လူမျိုးစုခြင်း သဟဇာတဖြစ်မှုကြောင့်လည်း ဤနိုင်ငံ၏ကောင်းသတင်းမှာ အိန္ဒိယသမုဒ္ဒရာကို ဖြတ်၍ ကမ္ဘာ့အနှံ့ သင်းပျံ့လျက်ရှိ။

ဥရောပအတွင်း ပျံသန်းပြေးဆွဲလျက်ရှိသည့် ဘရပ်ဆဲလ်လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းကို ဧပြီ ၂၄ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘရပ်ဆဲလ်လေကြောင်းလိုင်း လေယာဉ်ဆီကုန်ကျမှုသက်သာရန် ဝန်လျှော့တင်ပြီး အရှိန်လျှော့ မောင်းနှင်ရန် စီစဉ်

ဘရပ်ဆဲလ် ဧပြီ ၂၅

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်လေကြောင်းလိုင်းက လေယာဉ်လောင်စာဆီ ကုန်ကျမှုလျှော့ချရန် ၄င်း၏ လေယာဉ်များကို အရှိန်လျှော့မောင်းပြီး ဝန်လျှော့တင်ရန် ကြေညာလိုက်သည်။

ကုန်ကျမှုသက်သာ

ယင်းလေကြောင်းလိုင်းမှ ပျံသန်းပြေးဆွဲနေသော လေယာဉ်များသည် တစ်နာရီလျှင် ၁၀ကီလိုမီတာနှုန်း အရှိန်လျှော့မောင်းနှင်ခဲ့သဖြင့် တစ်နှစ်ကုန်သည့်အခါ လေယာဉ်ဆီဖိုးယူရိုတစ်သန်း (အမေရိကန်ဒေါ်လာ ၁ဒသမ ၆သန်း)ကုန်ကျမှု သက်သာသွားမည်ဟုဆိုသည်။

တွက်ခြေကိုက်

ထိုသို့အရှိန်လျှော့မောင်းနှင်ခြင်းကြောင့် ပုံမှန်ပျံသန်းချိန်ထက် တစ်မိနစ်သို့မဟုတ်နှစ်မိနစ်သာ နောက်ကျသည်ဟု ဆိုသည်။ လေယာဉ်များ အရှိန်လျှော့ပျံသန်းခြင်းကြောင့် စီးပွားရေးအရ တွက်ခြေကိုက်သည့်အပြင် ကမ္ဘာကြီး ပူနွေးစေသည့်ဖန်လုံအိမ် အာနိသင်ရှိသည့် ဓာတ်ငွေ့များလျှော့ချနိုင်မည်ဖြစ်ကြောင်း ဘရပ်ဆဲလ်လေကြောင်းလိုင်းက ပြောကြားသည်။

ဘရပ်ဆဲလ်လေကြောင်းလိုင်းက လေကြောင်း ၁၀၀နီးပါးမှာ အထက်ပါနည်းလမ်းကို အသုံးပြုခြင်းဖြင့် လောင်စာဆီကုန်ကျမှု လျှော့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပျံသန်းပြေးဆွဲ

ယင်းလေကြောင်းလိုင်းမှ ဥရောပအတွင်း ပျံသန်းပြေးဆွဲလျက်ရှိသော လေယာဉ်အစင်း၃၀သည် ပျံသန်းမှု အရှိန်လျှော့ချမောင်းနှင်နိုင်ပြီဖြစ်ကြောင်း လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ သီယာရီဗန်အီးလ်က ပြောကြားသည်။ **(အင်တာနက်)**

ကင်ဘာရာမြို့သို့ ရောက်ရှိလာသော အိုလံပစ်မီးရှူးတိုင်ကို ပြည်သူများက တရုတ်အလံများ ဝှေ့ယမ်း၍သောင်းသောင်းဖြဖြကြိုဆို

ကင်ဘာရာ ဧပြီ ၂၅

ပေကျင်းအိုလံပစ် အားကစားပွဲတော်ကို တရုတ်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်ရာ ကမ္ဘာတစ်ဝန်းသို့ လှည့်လည်လျက်ရှိသော အိုလံပစ်မီးရှူးတိုင်မှာ ဧပြီ ၂၄ရက်က ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့သို့ ရောက်ရှိလာသည်။

မြို့တော်ကင်ဘာရာရှိ တရုတ်ထောက်ခံလိုလားသူများက အလံများ ဝှေ့ယမ်းလျက် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

အိုလံပစ်မီးရှူးတိုင် သယ်ဆောင်ရာလမ်းကြောင်း တစ်လျှောက်တွင် ဩစတြေးလျတပ်ဖွဲ့ဝင်၅၀၀ကျော်တာဝန်ချထားသည်။

လှည့်လည်

ဩစတြေးလျနိုင်ငံရောက် ထောင်ပေါင်းများစွာသော တရုတ်နိုင်ငံသားများက အိုလံပစ်မီးရှူးတိုင်ကို ကာကွယ်ပေးကြပါဟူသော စာတန်းများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ထားကြသည်။

ဩစတြေးလျအစိုးရက အိုလံပစ်မီးရှူးတိုင်ကို ဩစတြေးလျနိုင်ငံတစ်ဝန်း လှည့်လည်စဉ် **(ယာပုံ)** အတွင်း လုံခြုံမှုအပြည့်အဝ ပေးထားသည်။ အဆိုပါ အိုလံပစ်မီးရှူးတိုင်သည် နယူးဆောက်သ်ဝေးလ်မှ ကင်ဘာရာမြို့သို့ သယ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ပေါက်ကွဲမှုဖြစ်ပွား

ဩစတြီးယားနိုင်ငံ ဟိုင်ဘိချ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ဧပြီ ၂၄ ရက်က တစ်ထပ်အိမ်တစ်လုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအကြား မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေကြသည်ကို တွေ့ရ စဉ်။

(အဆိုပါပေါက်ကွဲမှုတွင် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း၊ ပေါက်ကွဲရခြင်းနှင့် ပတ်သက်သည်များကို မသိရှိရသေးကြောင်း ဩစတြီးယားသတင်းဌာနက ပြောကြားသည်။) **(အင်တာနက်ဓာတ်ပုံ)**

ပါကစ္စတန် တိုက်ခိုက်ရေးခေါင်းဆောင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် ဆော်ဩ

အစ္စလမ္မာဘတ် ဧပြီ ၂၅

ပါကစ္စတန်နိုင်ငံရှိ တာလီဘန်ထိပ်တန်းခေါင်းဆောင်တစ်ဦးက သူ၏နောက်လိုက် တိုက်ခိုက်ရေးသမားများအား နိုင်ငံအတွင်း တိုက်ခိုက်မှုအားလုံးရပ်တန့်ရန် အမိန့်ပေးလိုက်သည်။

ဘာနာဇီယာဘူတိုအားသတ်ရန် အမိန့်ပေးခဲ့သူမှာ ဘိုင်တူလာမက်ဆုဒ်အမည်ရှိ သူပင်ဖြစ်ကြောင်း ပါကစ္စတန်အာဏာပိုင်များက ပြောကြားသည်။

အပြစ်ပေးမည်

အဆိုပါ အမိန့်စာများကို မက်ဆုဒ်က အာဖဂန်နယ်စပ်တစ်လျှောက်ရှိ တိုက်ခိုက်ရေးသမားများရှိရာ နေရာများသို့ဖြန့်ဝေပေးခဲ့ကြောင်း၊ လိုက်နာမှုမရှိပါကပြင်းထန်စွာ အပြစ်ပေးသွားမည်ဖြစ်ကြောင်း မက်ဆုဒ်က ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ထိုသို့ တာလီဘန် တိုက်ခိုက်ရေးသမားများ အပစ်အခတ်ရပ်စဲလိုက်သဖြင့် ပါကစ္စတန်အစိုးရက ညှိနှိုင်းဆွေးနွေးမှုများလည်း ပြုလုပ်သွားမည်ဟု ဆိုသည်။

လွှတ်ပေး

ပါကစ္စတန် အာဏာပိုင်များကလည်း ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်၌ တိုက်ခိုက်နေသော အစ္စလမ္မစ်အုပ်စုကို ဖမ်းဆီးခဲ့သည့် ဆူဖီမိုဟာမက်ကို ဧပြီ ၂၂ရက်က လွှတ်ပေးလိုက်သည်ဟု ဆိုသည်။

တိုက်ခိုက်

ဘိုင်တူလာမက်ဆုဒ်၏ ခံတပ်သည် ပါကစ္စတန်နိုင်ငံ ဝါဇီရီစတန်တောင်ပိုင်း၌ ရှိသည်။ မကြာသေးသည့်နှစ်များက အစိုးရ လုံခြုံရေးတပ်များကို တိုက်ခိုက်နေသည့် ဒေသဖြစ်သည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံ ဆန်တင်ပို့ ရောင်းချမှု ကျဆင်းဖွယ်ရှိ

ဗန်ကောက် ဧပြီ ၂၅

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့ရောင်းချမှုသည် ယခုနှစ် ဒုတိယ သုံးလအတွင်း ၂၅ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ ထိုးကျနိုင်ကြောင်း ထိုင်းဆန်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ချိုးကိရက် အိုဖာစဝမ်ဆေးက ပြောကြားသည်။

တင်ပို့မှုလျော့ကျ

ကမ္ဘာ့ဆန် သိုလှောင်ထားမှုသည် ယခုနှစ်အစောပိုင်းက တန်ချိန်သန်း ၁၀၀ ကျော်ရှိရာမှ သန်း၇၀အထိကျဆင်းသွားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့ဆန်အများဆုံးတင်ပို့ရောင်းချသည့်နိုင်ငံဟုဆိုသော်လည်း တင်ပို့မှုလျော့ကျသွားမည်ဖြစ်ကြောင်းထိုင်းသတင်းအေဂျင်စီက ရေးသားဖော်ပြသည်။

ရေးသားဖော်ပြ

ထိုင်းနိုင်ငံက ယခုနှစ် ပထမသုံးလအတွင်း လစဉ်ဆန်တန်ချိန်တစ်သန်း တင်ပို့ရောင်းချနေရာမှ တန်ချိန် ၈၀၀၀၀၀ အောက်သာ ပို့နိုင်တော့မည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ရေးသားဖော်ပြသည်။

ထိုင်းနိုင်ငံ၏ ဆန်စျေးနှုန်းသည် ယခုနှစ် နှစ်ဆန်းပိုင်းမှစပြီး နှစ်ဆကျော်တက်လာကြောင်း အဆိုပါ ဆန်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌက ပြောကြားသည်။ **(အမ်အင်န်အေဆင်ဟွာ)**

မိုးရွာသွန်းမှု များပြားလျှင် လိပ်ပြာများ လာရောက်မှု နည်းပါးနိုင်

လန်ဒန် ဧပြီ ၂၅

ဗြိတိန်နိုင်ငံသို့ ယခုနှစ်နွေရာသီတွင် လိပ်ပြာ(ယာပုံ)များယခင်နှစ်ကထက် လာရောက်မှုနည်းသွားခြင်းကြောင့် ရာသီဥတုကောင်းမွန်နိုင်ကြောင်း သဘာဝတိရစ္ဆာန်ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

အခွင့်အလမ်းနည်း

ယင်းနိုင်ငံရှိ လိပ်ပြာများ လာရောက်မှုလေ့လာရေးအဖွဲ့၏ အဆိုအရ လိပ်ပြာရှစ်မျိုးသည် ၂၀၀၇ခုနှစ် နွေရာသီကထက် လာရောက်မှု နည်းသွားသည်ဟု ဆိုသည်။

ထိုသို့ လိပ်ပြာများလာရောက်မှု နည်းပါးသွားခြင်းမှာ ရွာသွန်းမြဲမိုးရေချိန်ထက်ရွာသွန်းခဲ့မှုကြောင့်ဆိုသည်။ မိုးရွာသွန်းမှုများပြားခြင်းကြောင့် အပြာရောင်လိပ်ပြာများ ရှင်သန်ပေါက်ပွားမှု အခွင့်အလမ်းနည်းကြသည်ဟု ဆိုသည်။

ခန့်မှန်းခဲ့ကြ

ယခုနှစ်နွေရာသီသည် ပုံမှန်ထက်ပို၍ စိုစွတ်မှုရှိနိုင်ကြောင်းလည်း အစောပိုင်းတွင် ရာသီဥတုကျွမ်းကျင်သူများက ခန့်မှန်းခဲ့ကြသည်။

ဤသို့ လိပ်ပြာများ လာရောက်မှုမှာ ၂၅ နှစ်ကျော်ကာလအတွင်း အနည်းဆုံးဖြစ်ကြောင်း လိပ်ပြာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။ လိပ်ပြာများလာရောက်မှု စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အဆိုအရ အညိုရောင်လိပ်ပြာများ လာရောက်မှု သိသိသာသာ လျော့နည်းသွားသည်ဟု ဆိုသည်။

(အင်တာနက်)

26-4 (06).pmd 1 4/26/2008, 1:35 AM

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၁) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးကြီးကျော်ညွန့်၊ ဗိုလ်မှူးကြီးဘဏ်ထွန်း၊ ဗိုလ်ချုပ်သန်းငွေး၊ ဗိုလ်ချုပ်စိန်လင်း၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော် (ကြည်း)ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဗိုလ်လောင်းတပ်ခွဲများထံ အလေးပြုခြင်းကို ခံယူသည်။

ချီတက်အလေးပြု

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ်(၂၃) ဗိုလ်လောင်းသန့်စင်ကျော်အား ငွေဓားဆု ချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

[ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်းပြီး ဒုတိယအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ မေ ၄ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ အဓိကထွက်ရှိသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ဥစားသီးနှံနှင့် ဟင်းခတ်အမွှေးအကြိုင်၊ ပြခန်းများ၊ ပန်းမန်၊ သစ်ခွများ၊ စိုက်ပျိုးရေးအထောက်အကူပြု စက်ကိရိယာပြခန်းများ၊ မျိုး၊ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ပျိုးပင်အရောင်းပြခန်းများ၊ ပိုးမွှားနှင့်ရောဂါဆိုင်ရာ ပညာပေးပြခန်းများ၊ ကိုင်းကူး၊ ကိုင်းဆက် သရုပ်ပြ ပြခန်းများ၊ ပညာပေးစာအုပ် အရောင်းပြခန်းများ၊ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့ပြခန်းများ၊ ပုဂ္ဂလိကကုမ္ပဏီပြခန်းများ စသည်ဖြင့် စုံလင်စွာ ပြသသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်ပပို့ကုန်ပြပွဲပြခန်းအနေဖြင့် ပြည်ပသို့တင်ပို့ရန် အလားအလာရှိသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များထုပ်ပိုးမှု နည်းစနစ်အဆင့်ဆင့်ကို ပြသထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည့် သီးနှံများမှာ (၁) သရက်၊ (၂) သခွားမွှေး၊ (၃) ဖရဲ၊ (၄) ငှက်ပျော၊ (၅) မာလကာ၊ (၆) နာနတ်၊ (၇) ပိန္နဲ၊ (၈) သင်္ဘော၊ (၉) ကညွတ်၊ (၁၀) ဘောဂီကွမ်း၊ (၁၁) ဧရာဖပွတို့ဖြစ်သည်။

ဟောပြောဆွေးနွေး

ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံခြားပို့ကုန် တင်ပို့မှုနှင့်ပတ်သက်၍ အတွေ့အကြုံရှိသော စီးပွားရေးလုပ်ငန်းရှင်များ၊ FAO မှ ပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်များက ပြည်ပဈေးကွက် အတွေ့အကြုံများ၊ ပြည်ပပို့ကုန် စံချိန်စံညွှန်းများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်များ၏ ပြည်ပတင်ပို့နိုင်မှု အလားအလာများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်ထုတ်လုပ်မှုနှင့် ဈေးကွက်ဝင် ပြုပြင်ထုပ်ပိုးရောင်းချမှုများ စသည်တို့နှင့် သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြား ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကို ကန်တော်ကြီးရှိ Western Park Royal တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက် လေ့လာဆွေးနွေးနိုင်သည်။

ကြည့်ရှု

ပြပွဲ၊ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (Myanmar Fruit and Vegetable Producer and Exporter Association) (အသင်းယာယီရုံးခန်း) အမှတ် (၂၆၂/ ၂၆၄) ပြည်လမ်း ဒဂုံစင်တာ Block (A), 6th Floor မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၄၂၂၆၊ ၀၉-၅၀-၃၅၆၆၇ နှင့် ၀၉-၅၁-၃၄၂၇၃ ဖြစ်ပြီး ပြပွဲ၊ ပြိုင်ပွဲသို့ မည်သူမဆို အခမဲ့လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူပြင်းနွေ

ချောက်
၁၁၃ ဒီဂရီဖာရင်ဟိုက်

မင်းဘူး
၁၁၁ ဒီဂရီဖာရင်ဟိုက်

မကွေး
၁၀၉ ဒီဂရီဖာရင်ဟိုက်

နေပြည်တော်
၁၀၇ ဒီဂရီဖာရင်ဟိုက်

မိတ္ထီလာ
၁၀၇ ဒီဂရီဖာရင်ဟိုက်

မြင်းခြံ
၁၀၇ ဒီဂရီဖာရင်ဟိုက်

အောင်လံ
၁၀၇ ဒီဂရီဖာရင်ဟိုက်

ရန်ကုန်(ကမ္ဘာအေး)
၉၈ ဒီဂရီဖာရင်ဟိုက်

26-4 (07).pmd 1 4/26/2008, 1:35 AM

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေ
အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အ

ယခုအခါ အိမ်တိုင်းလိုလို လျှပ်စစ်သုံး စက်ပစ္စည်းများကို ပိုမိုအသုံးပြုပြီး မိမိတို့၏ လူနေမှုဘဝကိုလည်း ပို၍အဆင့်မြှင့်တင်လာကြပါသည်။ လျှပ်စစ်ရရှိမှုသည် လူနေမှုဘဝကို များစွာတိုးတက်ပြောင်းလဲမှုဖြစ်စေကြောင်း ပြည်သူအားလုံး ခံစားသိရှိလာကြသည်။

လက်ရှိအခြေအနေတွင် တည်ဆောက်ပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်နိုင်မှုသည် နွေရာသီကာလဆည်များ၌ ရေအမြင့်ကျဆင်းလာသည်နှင့်အမျှ ဓာတ်အားထုတ်လုပ်နိုင်မှုလည်း ကျဆင်းလာပါသည်။ ထိုအချိန်ကာလတွင်ပင် ရာသီဥတုအပူရှိန်ကြောင့် လေအေးပေးစက်များနှင့်ပန်ကာများပိုမိုသုံးစွဲလာသဖြင့် ဓာတ်အားသုံးစွဲလိုမှု ပမာဏမှာ မြင့်မားလာပြီး ဓာတ်အားမလုံလောက်မှု ဖြစ်ပေါ်လာပါသည်။

နိုင်ငံတော်မှ ပြည်သူသို့ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာပေးနိုင်ရေးအတွက် ရည်မှန်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလည်းကောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို အားစိုက်ကြိုးစား တည်ဆောက်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းသဘာဝနှင့် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရသည့် ပမာဏ ကြီးမားမှုအခြေအနေတို့ကြောင့် ရေအား လျှပ်စစ်စီမံကိန်းများကို (၅)နှစ်နှင့်အထက်ခန့် အချိန်ယူတည်ဆောက်ကြရပါသည်။

တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများအနက် ရွှေလီ၊ ကျိုင်းတောင်း၊ ရွှေကျင်နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများမှာ မကြာမီနှစ်များအတွင်း ပြီးမြောက်ကာ ပြည်သူသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပြီး ထိုစက်ရုံများမှ ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်သည်နှင့် တစ်ပြိုင်နက် ပြည်သူလူထု ဓာတ်အားသုံးစွဲခွင့်အသင့်ရရှိနေစေရေး ဦးတည်ချက်ဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလည်း မီတာတပ်ဆင်သုံးစွဲခွင့်ပြုခြင်းလုပ်ငန်းကို စနစ်တကျ စီမံချက်ချမှတ်ကာ ပြည်နယ်နှင့်တိုင်းများတွင် မီတာများတိုးချဲ့ တပ်ဆင်ပေးနေခြင်းဖြစ်သည်။

ဓာတ်အားရယူသုံးစွဲသူများ၏ လစဉ်ဓာတ်အားသုံးစွဲမှုပမာဏအလိုက် ဓာတ်အားခကောက်ခံခြင်းလုပ်ငန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရပါသည်။ လက်ရှိကောက်ခံလျက်ရှိသည့် ဓာတ်အားခနှုန်းထားများနှင့် လျှပ်စစ်ဓာတ်အားခကောက်ခံသည့် စနစ်ကို တင်ပြပါမည်။

မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားခနှုန်းထားများ

မြန်မာနိုင်ငံတွင် ဓာတ်အားတစ်ယူနစ် (တစ်ကီလိုဝပ်နာရီ) အတွက် ဓာတ်အားခနှုန်းထားကို အောက်ပါအတိုင်း သတ်မှတ် ကောက်ခံလျက်ရှိသည်ဟုသိရသည်။

၂၀၀၆ခုနှစ်၊ မေလ ၁ရက်နေ့မှစ၍ စည်းကြပ်ကောက်ခံသည့်ဓာတ်အားခနှုန်းထားများ

စဉ်	ဓာတ်အားသုံးစွဲသူအမျိုးအစားနှင့် ဓာတ်အားအမျိုးအစားများ	တစ်ယူနစ် ဓာတ်အားခနှုန်းထား
၁။	အစိုးရဌာနများ၊ အိမ်သုံး၊ ရုံးသုံး၊ စက်မှုလက်မှုသုံး၊ ယာယီသုံး၊ လမ်းမီး	၂၅ ကျပ်
၂။	အများပြည်သူ (အစိုးရဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်းများနှင့် ဘာသာ၊ သာသနာအဆောက်အအုံများ အပါအဝင်)	
	(က) အိမ်သုံး၊ အိမ်သုံးပါဝါ၊ လမ်းမီး	၂၅ ကျပ်
	(ခ) စက်မှုလက်မှု၊ စီးပွားရေးလုပ်ငန်းသုံးနှင့် ယာယီသုံး	၅၀ ကျပ်
၃။	နိုင်ငံခြားသုံးငွေဖြင့် ကောက်ခံလျက်ရှိသော လျှပ်စစ်ဓာတ်အားခ	အမေရိကန် ၈ ဆင့်

မှတ်ချက်။ ။(မီးလင်းရေးကော်မတီများဖွဲ့စည်း၍ ဓာတ်အားဖြန့်ဖြူးနေသောဒေသများတွင် တစ်ယူနစ် ဓာတ်အားခနှုန်းထားများကို သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းထားသည့် နှုန်းထားများအလိုက် ကောက်ခံလျက်ရှိပါသည်။)

လျှပ်စစ်ဓာတ်အားခကောက်ခံသည့်စနစ်

ဌာန၏ဝင်ငွေရှာဖွေမှု ပိုမိုစနစ်တကျရှိရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တစ်လအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချမှု၊ ဓာတ်အားခတောင်းခံမှုနှင့် ဓာတ်အားခကောက်ခံရရှိမှုတို့ကို စာရင်းတိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ဓာတ်အားခကောက်ခံမှု စနစ်သစ်အား "လျှပ်စစ်ဓာတ်အား သုံးစွဲသူများသို့ အသိပေးချက်" အဖြစ် နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြ၍လည်းကောင်း၊ ဓာတ်အားခ ကောက်ခံသည့်ရုံးများတွင် ကြော်ငြာကပ်၍လည်းကောင်း ပြည်သူသို့ အသိပေးကာ (၁-၈-၂၀၀၆)ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သည်။

"လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်"

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (E.S.E) နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျ မီတာစာရေးများက လစဉ် အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏ (၁)ရက်နေ့မှ (၅)ရက်နေ့အတွင်း တာဝန်ကျမီတာစာရေးများမှ ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏ ၆ရက်နေ့မှ ၁၀ရက်နေ့အတွင်း ဓာတ်အားခ ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။

၃။ လ၏ ၁၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း မီတာဖတ်စာရေးများမှ ကျသင့်ဓာတ်အားခငွေတောင်းခံလွှာများအား ထပ်မံလာရောက်ဝေပါမည်။

၄။ ဓာတ်အားသုံးစွဲသူများသည် ဓာတ်အားခငွေတောင်းခံလွှာများ စတင်ဝေသည့်ရက်မှစ၍ ငွေတောင်းခံလွှာတွင်ပါရှိသော နောက်ဆုံးပေးဆောင်ရန် သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် အမြန်လာရောက် ပေးဆောင်ရပါမည်။

၅။ ဓာတ်အားခ ငွေတောင်းခံလွှာများ ၅ကြိမ်ဝေမည့် ရက်အလိုက်နှင့် ငွေစတင်ပေးဆောင်ရမည့်ရက်၊ နောက်ဆုံးပေးဆောင်ရမည့် ရက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ဓာတ်အားခငွေ တောင်းခံလွှာ များဝေမည့်ရက်	တောင်းခံလွှာ ဝေမည့် ရာခိုင်နှုန်း	ငွေပေးဆောင်ရမည့်ကာလ		ငွေသွင်းခွင့်ရ ရက်ပေါင်း
			စတင်ပေးဆောင် ရမည့်ရက်	နောက်ဆုံး ပေးဆောင် ရမည့်ရက်	
၁။	၁၁ ရက်	၁၆ ရာခိုင်နှုန်း	၁၁ ရက်	၁၇ ရက်	၇ ရက်
၂။	၁၂ ရက်	၁၈ ရာခိုင်နှုန်း	၁၂ ရက်	၁၉ ရက်	၈ ရက်
၃။	၁၃ ရက်	၂၀ ရာခိုင်နှုန်း	၁၃ ရက်	၂၁ ရက်	၉ ရက်
၄။	၁၄ ရက်	၂၂ ရာခိုင်နှုန်း	၁၄ ရက်	၂၃ ရက်	၁၀ ရက်
၅။	၁၅ ရက်	၂၄ ရာခိုင်နှုန်း	၁၅ ရက်	၂၅ ရက်	၁၁ ရက်

၆။ ငွေသွင်းရန် သတ်မှတ်ထားသည့် ၁၁ရက်မှ ၂၅ရက်အတွင်း ငွေလက်ခံကောင်တာများကို နေ့စဉ် နံနက် ၈နာရီ မှ ညနေ ၄နာရီအတွင်း ဖွင့်ထားမည်ဖြစ်ပြီး၊ ငွေသွင်းရန်ပျက်ကွက်သူများသည် ဓာတ်အား ဖြတ်တောက်မှုခံရပါမည်။

၇။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများသည် ရုံးပိတ်ရက်များအပါအဝင် လ၏ ၁ရက်နေ့မှ ၅ရက်အတွင်း မီတာများ အလွယ်တကူဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်နေ့မှ ၁၅ရက်နေ့အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးဝေမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

၈။ အထက်ပါဆောင်ရွက်ချက်များကို ဖော်ပြပါအစီအစဉ်အတိုင်း လစဉ်ဆောင်ရွက်သွားပါမည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ထိုအစီအစဉ်အရ လစဉ် မီတာဖတ်ခြင်
သွင်းခြင်း၊ နောက်ဆုံးနေ့သတ်မှတ်၍ ဘီလ်
လုပ်ငန်းစဉ်တို့အား ဇယားပုံများဖြင့် ပူးတွဲ

တစ်လတာ ဓာတ်အားဖြန့်ဖြူးပြီး နောက
သာ ဓာတ်အားခကျသင့်ငွေကို ဓာတ်အားသုံးစွဲ
ရသည့်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်
သုံးစွဲသူများအား ရက်(၄၀)စာ ဓာတ်အားကို
သုံးစွဲခွင့် ပေးထားရသည့် သဘောဖြစ်ပါကြေ

ဓာတ်အားသုံးစွဲသူများမှလည်း ပေးဆေ
မှန်မှန်ကန်ကန် ပေးဆောင်ခြင်းဖြင့် ဌာနဆိုင်
အတွက် ပိုမိုကောင်းမွန်သည့် ဓာတ်အားဖြန့်ဖြူ
တည်ဆောက်ပေးနိုင်သော ဝန်ဆောင်မှုစနစ်ကို ပံ့

ဓာတ်အားဝယ်ယူဖြန့်ဖြူးမှုအခြေအနေ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ဓာတ်အားပေးစက်ရုံကြီးများမှ ကိုယ်တိုင်
ကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာ
များမှ ထုတ်လုပ်သည့်ဓာတ်အားကို ဓာတ်အာ
နာရီလျှင်) ငွေကျပ်၂၀နှုန်းဖြင့် ဝယ်ယူ၍လည်
ဓာတ်အားပြန်လည် ဖြန့်ဖြူးရောင်းချပေးလျက

ထုတ်လုပ်သမျှဓာတ်အားကို ဓာတ်အာ
ဖြန့်ဖြူးရာတွင် မဟာဓာတ်အားလိုင်း မိုင်ရာ
ရုံများ၊ ထရန်စဖော်မာများ၊ ဓာတ်အားဖြန့်ဖြူး
သယ်ပို့ရာတွင် နည်းပညာဆိုင်ရာ ဓာတ်အား
Losses) မလွှဲမရှောင်သာ ဖြစ်ပေါ်ပါသည်
မှုကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဓာတ်အားခနှုန်းမှာ အများပြည်သူသို့
စီးပွားရေးလုပ်ငန်းများသို့ ကျပ် ၅၀ဖြစ်၍
နေခြင်းမဟုတ်ဘဲ ပြည်သူလူထု၏ လူနေ
စီးပွားရေးလုပ်ငန်းများ ရှင်သန်ရေးတို့အတွ
စွမ်းအားဝန်ကြီးဌာနမှ အဓိကထား ဆောင်ရွက်
သည်။

ဓာတ်အားစနစ်မှ တိုက်ရိုက် ဓာတ်အား
ဒေသများရှိ ပြည်သူလူထုအတွက် ဒီဇယ်ဆီသုံး
ဓာတ်အားထုတ်လုပ်ရောင်းချပေးရာတွင်လည်း
ဖိုး၊ စက်တန်ဖိုး၊ စက်ပြင်စရိတ်များအား ထည့်
အသုံးပြုရမှု ကုန်ကျစရိတ်၊ ဓာတ်အားထွက်ရှိ
တို့ကို အောက်ပါအတိုင်း နှိုင်းယှဉ်တွေ့ရှိနိုင်

ဒီဇယ်တစ်ဂါလန်ဈေးနှုန်း -
တစ်ဂါလန်လျှင်ဓာတ်အားထုတ်လုပ်နိုင်မှု -

ဓာတ်အားတစ်ယူနစ်ထုတ်ရန်ဒီဇယ်ဆီဖိုး -
ဓာတ်အားတစ်ယူနစ်ရောင်းဈေး -
တစ်ယူနစ်ထုတ်တိုင်း ဆီဖိုးအပေါ်အရှုံး -

**မိမိနိုင်ငံရှိ ဝေးလံသည့်ဒေသမှပြည်သူမျာ
ရန် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် စီစဉ်ဆော
အစိုးရ၏ စေတနာမှာ စီးပွားရေးတွက်ခြေကိုက်
နယ်မြေဒေသ တိုးတက်ရေးနှင့် ဖွံ့ဖြိုးတိုးတ
အတွက် ပဓာနထားကာ ဆောင်ရွက်ပေးနေခြ**

ရွှေတောင်
ဓာတ်အားပေးစက်ရုံ

ရွှေတောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ။



**မိမိနိုင်ငံရှိ ဝေးလံသည့်ဒေသမှပြည်သူများ
ဓာတ်အားရရှိနိုင်ရန် ဒီဇယ်ဓာတ်အားပေးစက်များဖြ
ဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရ၏ စေ
စီးပွားရေးတွက်ခြေကိုက်မှုကို ရှေ့တန်းတင်မှုမရှိဘဲ
ဒေသ တိုးတက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်
ရေးတို့အတွက် ပဓာနထားကာ ဆောင်ရွက်ပေးနေ**

...သို့ ချိတ်ဆက်နေသော ...ငံတော် ဓာတ်အားပေးစနစ်(၉)

ထိုအစီအစဉ်အရ လစဉ် မီတာဖတ်ခြင်း၊ ဘီလ်ထုတ်ခြင်း၊ စာရင်းသွင်းခြင်း၊ နောက်ဆုံးနေ့သတ်မှတ်၍ ဘီလ်ဝေခြင်းနှင့် ငွေလက်ခံခြင်း လုပ်ငန်းစဉ်တို့အား ဇယားပုံများဖြင့် ပူးတွဲဖော်ပြထားသည်။

တစ်လတာ ဓာတ်အားဖြန့်ဖြူးပြီး နောက်လ လဆန်း ၁၁ရက်နေ့မှသာ ဓာတ်အားခကျသင့်ငွေကို ဓာတ်အားသုံးစွဲသူများမှ စတင်ပေးဆောင်ရသည့်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဓာတ်အားသုံးစွဲသူများအား ရက်(၄၀)စာ ဓာတ်အားကို အကြွေးစနစ်ဖြင့် ကြိုတင်၍ သုံးစွဲခွင့် ပေးထားရသည့် သဘောဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

ဓာတ်အားသုံးစွဲသူများမှလည်း ပေးဆောင်ရမည့် ဓာတ်အားခကို မှန်မှန်ကန်ကန် ပေးဆောင်ခြင်းဖြင့် ဌာနဆိုင်ရာမှ ဓာတ်အားသုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သည့် ဓာတ်အားဖြန့်ဖြူးသည့်စနစ်ကို ပြုပြင်တိုးချဲ့တည်ဆောက်ပေးနိုင်သော ဝန်ဆောင်မှုစနစ်ကို ပုံဖော်လာနိုင်မည်ဟုဆိုသည်။

ဓာတ်အားဝယ်ယူဖြန့်ဖြူးမှုအခြေအနေ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကြီးများမှ ကိုယ်တိုင် ဓာတ်အားထုတ်လုပ်၍လည်းကောင်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လုပ်သည့်ဓာတ်အားကို ဓာတ်အားတစ်ယူနစ် (တစ်ကီလိုဝပ်နာရီလျှင်) ငွေကျပ်၂၀နှုန်းဖြင့် ဝယ်ယူ၍လည်းကောင်း ပြည်သူလူထုသို့ ဓာတ်အားပြန်လည် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထုတ်လုပ်သမျှဓာတ်အားကို ဓာတ်အားသုံးစွဲသူထံသို့ အရောက်ဖြန့်ဖြူးရာတွင် မဟာဓာတ်အားလိုင်း မိုင်ရာပေါင်းများစွာနှင့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ဖြတ်သန်းသယ်ပို့ရာတွင် နည်းပညာဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှု (Technical Losses) မလွဲမရှောင်သာ ဖြစ်ပေါ်ပါသည်။ ထိုဓာတ်အားပျောက်ဆုံးမှုကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျခံရသည်ဟုဆိုသည်။

ဓာတ်အားခနှုန်းမှာ အများပြည်သူသို့ ၂၅ ကျပ်နှင့် စက်မှုနှင့် စီးပွားရေးလုပ်ငန်းများသို့ ကျပ် ၅၀ဖြစ်၍ စီးပွားရေးအရ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်သူလူထု၏ လူနေမှုဘဝ အဆင်ပြေရေးနှင့် စီးပွားရေးလုပ်ငန်းများ ရှင်သန်ရေးတို့အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အဓိကထား ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ဟု သိရသည်။

ဓာတ်အားစနစ်မှ တိုက်ရိုက် ဓာတ်အားပေးနိုင်ခြင်း မရှိသေးသော ဒေသများရှိ ပြည်သူလူထုအတွက် ဒီဇယ်ဆီသုံး ဓာတ်အားပေး စက်များဖြင့် ဓာတ်အားထုတ်လုပ်ရောင်းချပေးရာတွင်လည်း ဝန်ထမ်း လစာ၊ အင်ဂျင်ဝိုင်ဖိုး၊ စက်တန်ဖိုး၊ စက်ပြင်စရိတ်များအား ထည့်သွင်း မစဉ်းစားဘဲ ဒီဇယ်ဆီ အသုံးပြုရမှု ကုန်ကျစရိတ်၊ ဓာတ်အားထွက်ရှိမှုနှင့် ဓာတ်အားရောင်းဈေးတို့ကို အောက်ပါအတိုင်း နှိုင်းယှဉ်တွေ့ရှိနိုင်ပါသည်-

ဒီဇယ်တစ်ဂါလန်ဈေးနှုန်း	- ကျပ် ၃၀၀၀
တစ်ဂါလန်လျှင်ဓာတ်အားထုတ်လုပ်နိုင်မှု	- ၁၀ ယူနစ် (စက်အသစ်ဖြစ်လျှင်)
ဓာတ်အားတစ်ယူနစ်ထုတ်ရန်ဒီဇယ်ဆီဖိုး	- ကျပ် ၃၀၀
ဓာတ်အားတစ်ယူနစ်ရောင်းဈေး	- ၂၅ ကျပ်
တစ်ယူနစ်ထုတ်တိုင်း ဆီဖိုးအပေါ်အရှုံး	- ၂၇၅ ကျပ်

မိမိနိုင်ငံရှိ ဝေးလံသည့်ဒေသမှပြည်သူများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် စီစဉ်ဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရ၏ စေတနာမှာ စီးပွားရေးတွက်ခြေကိုက်မှုကို ရှေ့တန်းတင်မှုမရှိဘဲ နယ်မြေဒေသ တိုးတက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်မကျစေရေးတို့အတွက် ပဓာနထားကာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

...သည့်ဒေသမှပြည်သူများ လျှပ်စစ် ...ယ်ဓာတ်အားပေးစက်များဖြင့် စီစဉ် ...ိုင်ငံတော်အစိုးရ၏ စေတနာမှာ ...ကို ရှေ့ တွန်းတင်မှုမရှိဘဲ နယ်မြေ ...ဖွံ့ ဖြိုးတိုးတက်မှု နောက်မကျစေ ...ားကာ ဆောင်ရွက်ပေးနေခြင်းဖြစ်၏။

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသည့် ဒေသများ၌ ဒေသခံပြည်သူလူထုမှ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့်လည်းကောင်း၊ မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်၍လည်းကောင်း ဒေသတွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။

ပြည်သူများသို့ မီးပေးရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လုပ်သားကြီးများ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရေးလုပ်ငန်းကို ဤသို့ သက်စွန့်ဆံဖျား ဆောင်ရွက်ကြရသည်။





မြန်မာ့ရုပ်မြင်သံကြား

၂၆-၄-၂၀၀၈
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတ သန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀ ၅။ Eternal Festival
၈:၄၅ ၆။ International News.
၉:၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၅။ အတည်ပြုကြစို့ အခြေခံဥပဒေ
၁၂:၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီး ဆွန်ကြီး** (အပိုင်း-၁၈)
၁၃:၃၀ ၇။ **သာယာရွှေပြည်တို့နေပြည်** ဖြိုးငွေစိုး၊အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊မော့စ်၊ဗေလုဝ၊ ရှက်တယ် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄:၃၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၀ ၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၀၀ ၅။ ချစ်စရာ့အရွယ် ကစားကြမယ်
၅:၂၅ ၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၅၅ ၁၀။ နိုင်ငံစီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ အောင်ပန်းမြို့မှ မက်မွန်နှင့်မက်မန်း
၇:၀၅ ၁၁။ ရောဝတီအလှတစ်ပါး ရတနာပုံတံတား
၇:၃၀ ၁၂။ စိတ်အားထက်သန် ဆန္ဒအမှန်
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **'ရှိတာကပိုကောင်းပါတယ်'**
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၁၇)
၁၈။ အစီအစဉ်ပြီး၏။

အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်

ရန်ကုန် ဧပြီ ၂၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ အတိုင်းထွာချက်များ အရ ယမန်နေ့က ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ယင်းလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ မွန်းတည့်မှ နောက်၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

26-4 (09).pmd 1 4/26/2008, 1:35 AM

နိုင်ငံကို အမှန်တကယ်ချစ်သူတိုင်း အမှန်ကို ခြစ်ကြပါစို့

မောင်ရွှေအိုး။ သူငယ်ချင်း၊ မင်းနဲ့ တစ်ခုတော့ဆွေးနွေးချင်တယ်ကွာ။ လာမယ့် ပြည်သူ့ဆန္ဒခံယူပွဲမှာ ထောက်ခံမဲပေးကြဖို့ ပြောနေကြတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ပြည်သူ့ဆန္ဒနဲ့ အတည်ပြုရမယ့် ဒီအခြေခံဥပဒေက တကယ်ကောင်းမှလည်း ဒို့ပြည်သူတွေ ထောက်ခံမဲထည့်ချင်မှာပေါ့။

မောင်ခွဲဒိုး။ အဲဒီတော့ မင်းဘယ်လိုထင်လို့လဲ။ ဒီအခြေခံဥပဒေက တကယ်မကောင်းဘူးလို့ ထင်သလား။

အိုး။ မကောင်းဘူးလို့တော့ မထင်ပါဘူး။ ဒါပေမယ့် ဒီအခြေခံဥပဒေဟာ စစ်ဘက်ကိုယ်စားလှယ်တွေက ဥပဒေပြုအဖွဲ့တွေမှာ ၂၅ ရာခိုင်နှုန်းစီ ပါနေတာဟာ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီမဟုတ်ဘူးလို့ ပြောတဲ့သူတွေက ပြောနေကြတယ်။ ပြီးတော့လည်း ဗဟိုပြည်ထောင်စု အစိုးရနဲ့ ပြည်နယ်အစိုးရတွေ အာဏာခွဲဝေတဲ့နေရာမှာ ပြည်ထောင်စုအစိုးရက အာဏာတွေ ပိုယူထားတာ၊ ကြွင်းကျန်အာဏာမှန်သမျှ ပြည်ထောင်စုအစိုးရက ယူထားတာတွေဟာ ပြည်ထောင်စုစစ်စစ်ပုံစံမဟုတ်ဘူးလို့လည်း ပြောနေကြတယ်။ ဒါဆိုရင် ဒီအခြေခံဥပဒေကြီးဟာ ကောင်းတယ်လို့ ဘယ်ပြောနိုင်မလဲ။

ဒိုး။ အဲဒီလိုဆိုရင် မင်းကိုလည်း မေးခွန်းလေးတွေ နည်းနည်း ပြန်မေးရဦးမယ်။ အုန်းနို့ခေါက်ဆွဲတို့၊ ဒံပေါက်ထမင်းတို့၊ ရေခဲမုန့်တို့၊ ဒူးရင်းသီးတို့၊ တညင်းသီးအုန်းနို့ဆမ်းတို့ မင်းအလွန်ကြိုက်တယ်မဟုတ်လား။ အဲဒီအစားအစာတွေကို ဘာလို့ကြိုက်တာလဲ။

အိုး။ ဟ၊ အဲဒါတွေက ကောင်းလို့ကြိုက်တာပေါ့ကွ။ ငယ်ငယ်တုန်းကဆိုရင်တော့ ဘာပြောကောင်းမလဲ၊ အုန်းနို့ခေါက်ဆွဲဆိုလည်း သုံးလေးပွဲတော့ အသာလေးပဲ။ ဒံပေါက်ဆိုလည်း အနည်းဆုံးနှစ်ပွဲလောက်တော့ တွယ်လိုက်ရမှ၊ ဒူးရင်းသီးဆိုလည်း အလုံးကြီးတစ်လုံးကို တစ်ယောက်ထဲစားတာတောင် မတင်းတိမ်ဘူး။ တညင်းသီးကတော့ ပြောမနေနဲ့ ထမင်းလွတ်ကို ပြုတ်ပြီးစားတာ။

ဒိုး။ အခုရော အဲဒီကောင်းတာလေးတွေ စားနိုင်သေးရဲ့လား။

အိုး။ မပြောချင်ပါဘူးကွာ၊ တစ်လောကပဲ ခေါင်းထဲက ရိုးတိုးရိပ်တိပ်နဲ့ ရင်ထဲကလည်း မောသလို၊ အောင့်သလိုဖြစ်လို့ ဆရာဝန်သွားပြတော့ နှလုံးသွေးကြောကျဉ်းပြီး သွေးတိုးနေတယ်ဆိုလို့ အခုတော့စားချင်ရက်နဲ့မြင်ရုံသာမြင်ရ မကြင်ရမောင့်ကိုယ် ဖြစ်နေတယ်။

ဒိုး။ အေး၊ ငါပြောချင်တာလည်း အဲဒါပဲကွ။ ကောင်းတဲ့ဥစ္စာတိုင်းလည်း လူတိုင်းနဲ့သင့်မြတ်ချင်မှ သင့်မြတ်တာ။ အခုငါတို့အဓိကစဉ်းစားရမှာက ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံရေးသိပ္ပံပညာက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း သဘောတရားတွေနဲ့ ရာနှုန်းပြည့်ကိုက်ညီ/မညီ ဆိုတဲ့ ကိစ္စမဟုတ်ဘူး။ ငါတို့နိုင်ငံရဲ့ ရေမြေအနေအထား၊ ယဉ်ကျေးမှု ဓလေ့ထုံးစံနဲ့ နိုင်ငံရေးအခြေအနေသမိုင်းကြောင်း အတွေ့အကြုံအရ သင့်တော်၏/မတော်၏ ဆိုတာကပိုအရေးကြီးတယ်လေ။

အိုး။ မင်းဟာက၊ နိုင်ငံတကာစံနဲ့ညီညွတ်တော့ ပိုမကောင်းဘူးလား။ မဟုတ်ရင် ငါတို့ အခြေခံဥပဒေကို စံမမီတဲ့ အခြေခံဥပဒေဆိုပြီး နိုင်ငံတကာက ပြောကြဆိုကြမှာပေါ့။

ဒိုး။ ငါကလည်း အဲဒီကိစ္စကို လူတွေ ရှင်းရှင်းလင်းလင်း သိစေချင်လို့ ပြောချင်နေတာပါ။ မင်းရဲ့မေးခွန်းကို ဖြေရရင် ရာနှုန်းပြည့်စံချိန်မီတဲ့ အခြေခံဥပဒေဆိုတာ ကမ္ဘာမှာ မရှိသေးပါဘူး။ ဒီမိုကရေစီနဲ့ပတ်သက်လို့ပြောရရင်အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီရှိပါတယ်လို့ လက်မ,ထောင်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံမှ မရှိပါဘူး။ ဒီမိုကရေစီဆိုတာ ပြည်သူကနေ ပြည်သူထဲက ရွေးကောက်တင်မြှောက်ပြီး ပြည်သူ့အတွက် ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်တွေနဲ့ အုပ်ချုပ်တာလို့ သတ်မှတ်မယ်ဆိုရင် ဒီမိုကရေစီဘိုးအေလို့ဆိုတဲ့ နိုင်ငံကြီးတစ်နိုင်ငံမှာ အထက်လွှတ်တော်ဟာ အခုအချိန်အထိ သူကောင်းပြုမျိုးရိုးတွေ၊ မှူးကြီးမတ်ရာတွေက ဆင်းသက်လာတဲ့သူတွေနဲ့ ဖွဲ့စည်းထားတာလေ။ ပြည်သူက ရွေးကောက်တင်မြှောက်တယ်ပဲ ဆိုဦးတော့ ငွေသာပဓာနဖြစ်တဲ့ လူ့အဖွဲ့အစည်းတွေမှာငွေရှိတဲ့ လူနည်းစု၊ လူ့မလိုင်အလွှာတွေပဲ ကိုယ်စားလှယ်အဖြစ် အရွေးခံကြရတာပဲ။ ဒီမိုကရေစီရှေ့ဆောင်ဆိုတဲ့ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးရဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ရာကျော်ကတည်းက ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေမှာ"ဘုရားသခင်က လူသားတွေကို ညီတူညီမျှဖန်ဆင်းခဲ့သည်"လို့ အချီးနိဒါန်းမှာ ရေးထားပေမယ့် ငွေဝယ်ကျွန်ဟောင်း လူမည်းတွေဟာ ၁၉၆၀ ပြည့်လွန်နှစ်တွေကျမှ ညီတူညီမျှ မဲပေးခွင့်ရခဲ့ကြတယ်။ လူမည်းတွေ မဲပေးခွင့်ရကြပေမယ့်ဥပဒေပြုအဖွဲ့အစည်းတွေမှာ ဝင်ပြီးအရွေးခံရတဲ့နေရာမှာတော့ တခြားသူတွေနဲ့နှိုင်းစာရင် လူဦးရေနဲ့ရွေးကောက်ခံရတဲ့ အချိုးမှာ မမျှမတနဲ့ အလွန်နည်းပါတယ်။ ဥပမာ-နိုင်ငံလူဦးရေရဲ့ ၁၀ရာခိုင်နှုန်းကျော်ရှိတဲ့ လူမည်းတွေဟာ နှစ်ပေါင်း ၂၀၀ ကျော်အတွင်း အထက်လွှတ်တော်မှာ အမတ်ဖြစ်ခွင့်ရတာ အခုမှ ထူးထူးခြားခြားတစ်ယောက်ပဲ ရှိသေးတယ်။ ဒါပေမယ့် နိုင်ငံလူဦးရေရဲ့ ၀ ဒသမ ၀၁ ရာခိုင်နှုန်းတောင်မရှိတဲ့ လူနည်းစုလူမျိုးတစ်မျိုးကတော့ အထက်လွှတ်တော်မှာ ၁၀ ရာခိုင်နှုန်းကျော် ရွေးကောက်ခံထားရတယ်။ သူတို့ကအရမ်းချမ်းသာတယ်လေ။လူ့မလိုင်ဒီမိုကရေစီပေါ့ကွာ။

မောင်ခွဲဒိုး

နိုင်ငံတကာက ပြောတယ်ဆိုတာကလည်း လိုရင် လိုသလို၊ မလိုရင် မလိုသလို ပြောကြတာပါကွာ။ အခုထက်ထိ ပဒေသရာဇ်စနစ်စစ်စစ်နဲ့ အုပ်ချုပ်နေတဲ့ နိုင်ငံတွေ၊ ပဒေသရာဇ်တစ်ပိုင်းနိုင်ငံတွေ အများကြီးရှိနေတာပဲ။ ဘယ်သူကမှ ယောင်လို့ ပါးစပ်မဟကြပါဘူး။ သူတို့ဩဇာကို မနာခံတဲ့နိုင်ငံတွေ၊ သူတို့မလိုလားတဲ့သူတွေ အုပ်ချုပ်နေတဲ့ နိုင်ငံတွေကိုပဲ ပစ်မှတ်ထားပြီး ရှာကြံပြောနေကြတာ ရိုးနေပါပြီ။

အိုး။ ဒါဆိုရင်၊ ခုနကပြောတဲ့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတို့အကြား အာဏာခွဲဝေမှုနဲ့ ပတ်သက်ပြီးတော့ရောကွာ။ မင်းဘယ်လို ရှင်းပြဦးမှာလဲ။

ဒိုး။ အေးပါကွာ၊ ငါတို့ဆီမှာ ပြည်ထောင်စုစနစ်လို့ ပြောလိုက်တာနဲ့ အမြင်နှစ်မျိုးက သိသိသာသာကွဲပြားနေတယ်။ တစ်မျိုးကတော့ ပြည်ထောင်စုစနစ်လို့ ပြောလိုက်ရင် ပြည်နယ်တွေက ထိန်းမနိုင်၊ သိမ်းမရနဲ့ အခုပဲခွဲထွက်တော့မလားလို့ စိုးရိမ်တဲ့အမြင်၊ နောက်တစ်မျိုးကတော့ ပြည်ထောင်စုစနစ်ဆိုတာနဲ့ ဗဟိုအစိုးရကို ငွေစက္ကူထုတ်တာရယ်၊ ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဌာနတွေရယ်ကိုပဲ ကိုင်တွယ်ခွင့်ပေးပြီး ကျန်တာ ပြည်နယ်အစိုးရတွေက သဘောရှိ အုပ်ချုပ်နိုင်တဲ့ ကြွင်းကျန်အာဏာ (Residual Power)ကို ရယူမယ်ဆိုတဲ့ အမြင်ပဲ။

ငါတို့မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်က ပေါ်ထွန်းခဲ့တဲ့ အခြေခံဥပဒေနဲ့ အခုလာမယ့် မေလ ၁၀ ရက်နေ့မှာ ဆန္ဒခံယူပွဲလုပ်မယ့် အခြေခံဥပဒေမူကြမ်းတွေကတော့ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရအကြားမှာ အာဏာခွဲဝေမှုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဇယားနဲ့ပြုစုပြီး ခွဲဝေတဲ့စနစ်ပဲ။ ဇယားထဲမှာမပါတဲ့ ကိစ္စတွေကိုတော့ ဗဟိုကိုပဲ ဥပဒေပြုခွင့် ပေးထားတယ်။

ဒီလိုဇယားနဲ့ အာဏာခွဲဝေမှုစနစ်ကို ကနေဒါနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေမှာလည်း ကျင့်သုံးကြတယ်။ အဲဒီလိုပုံစံတူကျင့်သုံးပေမယ့်လည်း ကနေဒါနဲ့ အိန္ဒိယ နှစ်နိုင်ငံရဲ့ ပြည်ထောင်စုစနစ်အနေအထားက အဆင့်ချင်းမတူကြဘူး။ အိန္ဒိယကပိုပြီး ဗဟိုကထိန်းချုပ်ထားပြီးတော့ ကနေဒါကတော့ ပိုပြီးလျော့ရဲတဲ့စနစ်ဖြစ်တယ်လို့ နိုင်ငံရေးသိပ္ပံပညာရှင်တွေက သုံးသပ်ကြတယ်။ ဒီလိုကွဲပြားရတာလည်း အကြောင်းရှိတယ်။ အိန္ဒိယမှာက မင်းလည်းသိတဲ့အတိုင်း လူဦးရေလည်းများတယ်။ လူမျိုး၊ ဘာသာ၊ စီးပွားရေးအခြေအနေ ကွာခြားမှုတွေလည်းများတယ်။ စာမတတ်တဲ့သူတွေ၊ ဆင်းရဲတဲ့သူတွေလည်း များတယ်။ လူမှုပဋိပက္ခတွေနဲ့ လက်နက်ကိုင် သောင်းကျန်းမှုတွေလည်း ရှိနေတုန်းပဲ။ ဒီတော့ ပြည်ထောင်စုစနစ်ဆိုပေမယ့် အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေ မပြိုကွဲဖို့၊ ပြည်ထောင်စုမပြိုကွဲဖို့အတွက် ဗဟိုထိန်းချုပ်မှုဟာ ပိုပြီးလိုအပ်တယ်။ ကနေဒါမှာတော့ စီးပွားရေးလည်း ဖွံ့ဖြိုးမှုညီညီမျှမျှရှိပြီး ပညာရေးနဲ့ လူနေမှုအဆင့်လည်း မြင့်ကြတယ်။ အင်္ဂလိပ်စကားပြောတဲ့ဒေသနဲ့ ပြင်သစ် စကားပြောတဲ့ဒေသဆိုပြီး နှစ်ပိုင်းကွဲနေပေမယ့် ဒေသချင်းဆက်ဆံရေးကအေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပဲ။ ကြီးမားတဲ့ လူမှုစီးပွားရေးပဋိပက္ခတွေ ဘာမှမရှိဘူး။ အဲဒီတော့ ဗဟိုအစိုးရချုပ်ကိုင်မှု နည်းနည်းပဲထားပြီး ပြည်နယ်တွေကို လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးလို့ရတယ်။

ထင်ရှားတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်တွေဖြစ်တဲ့ Thomas O.Hueglin နဲ့ Alan Fenna တို့က ပြည်ထောင်စုစနစ်တွေမှာ ဗဟိုက ထိန်းချုပ်မှု အားကောင်းတဲ့ ပြည်ထောင်စုနိုင်ငံတွေက နိုင်ငံရေးတည်ငြိမ်မှု ပိုရှိပြီး ဗဟိုထိန်းချုပ်မှုလျော့နည်းတာနဲ့ အမျှ မတည်ငြိမ်မှုနဲ့ ပဋိပက္ခတွေပိုများတယ်လို့ သူတို့လေ့လာပြုစု ထားတဲ့ "Comparative Federalism" ပြည်ထောင်စု စနစ်နှိုင်းယှဉ်ချက်စာအုပ်မှာ သုံးသပ်ရေးသားထားတာ တွေ့ရတယ်။

အိုး။ ဒို့နိုင်ငံမှာလည်း တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်နဲ့ အခုထက်ထိ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကွာဟနေသေးတဲ့ တောင်ပေါ်နဲ့ ကျေးလက်ဒေသတွေ ရှိနေသေးတော့ ညီညီမျှမျှဖွံ့ဖြိုးတိုးတက်လာဖို့ ဗဟိုကတာဝန်ယူထိန်းညှိဆောင်ရွက်ပေးဖို့လိုမှာပေါ့။ မင်းက ဒီလိုပြောချင်တာလား။

ဒိုး။ အမှန်ပဲပေါ့ကွာ။ ပြည်နယ်တွေက လွတ်လွတ်လပ်လပ် ကိုယ့်တာဝန်ကိုယ်ယူ၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ကြလို့ ခွင့်ပေးထားရင် သယံဇာတနဲ့လူ့အရင်းအမြစ်တောင့်တင်းတဲ့ ပြည်နယ်တွေနဲ့ လူဦးရေနည်းပါးပြီး သယံဇာတရှားပါးတဲ့ တချို့ပြည်နယ်တွေအကြားမှာ ကွာဟချက်ပိုပြီးကြီးမားလာမှာပေါ့။ လူမှုစီးပွားရေးကွာဟချက်ကြီးမားလာလေလေ၊ တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြားမှုလည်း ကြီးထွားလာလေလေဖြစ်ပြီး နောက်ဆုံးမှာတော့ ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်သွားတော့မှာပေါ့။ ဒါကြောင့် အားကောင်းတဲ့ ပြည်ထောင်စုဗဟိုအစိုးရက ဦးဆောင်ထိန်းညှိပေးဖို့ လိုလာတာပေါ့။ ပြည်ထောင်စု ဗဟိုအစိုးရမှာလည်း တိုင်းရင်းသားတွေ ညီညီမျှမျှ ကိုယ်စားပြုပါဝင်နိုင်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်နယ်ဝန်ကြီးတွေပါဝင်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ အစိုးရအဖွဲ့တွေနဲ့ ဆောင်ရွက်သွားမှာမို့ တိုင်းရင်းသား အခွင့်အရေးတွေ နစ်နာဆုံးရှုံးမှု သိပ်ပြီးစိုးရိမ်စရာ မရှိပါဘူး။

အိုး။ မင်းပြောသလိုဆိုရင်တော့ အကောင်းသားပဲ။ အခုငါသဘောပေါက်လာတာက မင်းပေးတဲ့ ဥပမာအတိုင်း ပြောရမယ်ဆိုရင် **အခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် ရှင်သန်တည်တံ့ဖို့ လိုအပ်တဲ့ အာဟာရပဲ။ ဒါပေမယ့် အာဟာရဖြစ်ဖို့ဆိုတာ ကိုယ်စားချင်တဲ့ အစာတိုင်းစားလို့မရဘူး။ ကောင်းတယ်ဆိုတဲ့ အစာတိုင်းလည်း စားလို့မဖြစ်ဘူး။ ကိုယ့်ကျန်းမာရေး အခြေအနေနဲ့ ကိုက်ညီပြီး ကိုယ်နဲ့သင့်မြတ်မယ့်၊ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်မယ့် ဓာတ်စာမျိုးကိုပဲ ရွေးရမှာပေါ့။ ဖြစ်ချင်တာတွေထက် ဖြစ်သင့်တာကိုရွေးမှ ကိုယ့်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် အသင့်တော်ဆုံး အခြေခံဥပဒေကို ရမှာပေါ့၊** ဟုတ်တယ် မဟုတ်လား။

ဒိုး။ မှန်လိုက်လေ သူငယ်ချင်းရာ။ ဒါကြောင့်မို့ **နိုင်ငံ့အကျိုးစီးပွားကိုလိုလားတဲ့သူတိုင်း၊ နိုင်ငံကို အမှန်တကယ်ချစ်တဲ့သူတိုင်း အခုလာမယ့် ဆန္ဒခံယူပွဲမှာ မဲရုံကိုသွားပြီး အမှန်ကိုခြစ်လို့ တာဝန်ကျေပွန်ကြပါစို့** လို့ တိုက်တွန်းချင်တာပါပဲကွာ။ ။

26-4 (10).pmd 1 4/26/2008, 1:35 AM

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပ

သတင်း၊မြင်ကွင်း–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၅

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်မြို့အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ဧပြီ ၂၅ ရက် ညနေ ၃နာရီက ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

"ဘတ်စကက်ဘော အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပရခြင်းဖြစ်"

ဦးကျော်ကျော်ဝင်း
တွဲဖက်အတွင်းရေးမှူး(၁)
မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်

သရုပ်ပြ

ယခုကျင်းပသည့်မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲနေ့၌ စိုင်းစိုင်းခမ်းလှိုင်၊ ဟက်ကက်၊ ဘာဘူ၊ ဒါရိုက်တာ ဇော်ကိုကိုနှင့် ကျားပေါက်စသည့် အနုပညာရှင်များက ဘတ်စကက်ဘောကို သရုပ်ပြ ပါဝင်ကစားကြပြီး အခြားဘတ်စကက်ဘော အသင်းများကလည်း သရုပ်ပြပါဝင်ကစားကြသည်။ ထို့အပြင် ဘတ်စကက်ဘောပြိုင်ပွဲလာ ပရိသတ်များကိုလည်း တေးဂီတ အနုပညာရှင်များက သီချင်းများ သီဆိုဖျော်ဖြေခဲ့ ဖျော်ဖြေကြသည်။

ယခုကျင်းပပြုလုပ်သည့်ဘတ်စကက်ဘောပြိုင်ပွဲနှင့် ပတ်သက်ပြီး ယခင်က ဘတ်စကက်ဘော လက်ရွေးစင် ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိ၌ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက် အတွင်းရေးမှူး(၁) ဦးကျော်ကျော်ဝင်းနှင့်တွေ့ဆုံမေးမြန်းရာ "ဒီပြိုင်ပွဲကျင်းပရတာဟာ မြန်မာ့အားကစား အောင်နိုင်ရေးအတွက် ဘတ်စကက်ဘော အားကစားနည်းကို အသစ်ပြန်လည်ဖွဲ့စည်းထားတဲ့ အမှုဆောင်အင်အားနဲ့ အခုပွဲမှ စတင်ပြီး စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ပြိုင်ပွဲဝင်အသင်း

ယခုပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်ကြသည့် အသင်းများနှင့် အစီအစဉ်ကို မေးမြန်းရာ "ပြိုင်ပွဲဝင်အသင်းက စုစုပေါင်း၅၆ သင်းဖြစ်ပြီး ယူ-၂၀ (ကျား-မ)၊ ယူ-၁၆ (ကျား-မ)၊ အလွတ်တန်း(ကျား-မ)၊ အသက် ၄၀အထက် (ကျား-မ) အသင်းတွေပါဝင်ပါတယ်။ ပြိုင်ပွဲစတင်မှာက ဧပြီ ၂၆ရက်မှ မေ ၃ရက်အထိ ဖြစ်ပါတယ်" ဟု ဦးကျော်ကျော်ဝင်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ဘတ်စကက်ဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး အမျိုးသား ၁၆နှစ်အောက်ပြိုင်ပွဲ၌ အသင်း ၁၄သင်း ပါဝင်ပြီး အုပ်စု လေးစုခွဲထားသည်။ အမျိုးသမီး ၁၆နှစ်အောက်ပြိုင်ပွဲတွင် အသင်း ကိုးသင်း ပါဝင်ကာ အုပ်စု သုံးစုခွဲထားသည်။ အသက် ၂၀ အမျိုးသားပြိုင်ပွဲတွင် ၁၁သင်း ပါဝင်ပြီး အုပ်စုသုံးစုခွဲထားကာ အသက် ၂၀အောက် အမျိုးသမီးပြိုင်ပွဲ၌ အသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ အလွတ်တန်း (အမျိုးသမီး)ပြိုင်ပွဲ၌ စက်မှု(၁)၊ ပြည်ထဲရေး၊ လယ်/ဆည် အသင်းများ ပါဝင်သည်။

ထို့အပြင် အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲ၌ အသင်းကိုးသင်း ပါဝင်ပြီး အုပ်စုသုံးစုခွဲထားသည်။ တစ်ဖန် အသက် ၄၀အထက်(အမျိုးသား)ပြိုင်ပွဲ၌ အသင်းသုံးသင်း ပါဝင်ပြီး အလွတ်တန်း (အမျိုးသမီး)ပြိုင်ပွဲတွင် အသင်းသုံးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆုချီးမြှင့်

ယခုကျင်းပသည့် ဘတ်စကက်ဘော ပြိုင်ပွဲ၌ ချီးမြှင့်မည့် ဆုကြေးငွေများမှာ ပြိုင်ပွဲအလိုက် ပထမဆု ကျပ်၁၀သိန်း၊ ဒုတိယဆု ကျပ်ခြောက်သိန်း၊ တတိယဆု ကျပ်သုံးသိန်း အသီးသီး ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ထို့အပြင် အထူးချွန်ဆုံးအားကစားသမားဆု ကျပ်နှစ်သိန်း၊ အကောင်းဆုံး ခံစစ်နှင့် အကောင်းဆုံး ပြန်ကျဘောဖမ်းယူဆု တစ်သိန်းစီ ဆုချီးမြှင့်မည့်အပြင် အသန့်ရှင်းဆုံး အသင်းဆုကို ငွေကျပ်နှစ်သိန်း ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ တစ်ဖန် ပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သည့် အသင်းတိုင်းအား ထောက်ပံ့ငွေကျပ်တစ်သိန်းစီ ပေးသွားမည်ဟု သိရသည်။ ပြိုင်ပွဲဝင် အသင်း တစ်သင်းလျှင် အားကစားသမား ၁၀ဦး၊ နည်းပြတစ်ဦး၊ အုပ်ချုပ်သူတစ်ဦး ပါဝင်ခွင့်ပြုထားသည်။

ယခုဘတ်စကက်ဘော ပြိုင်ပွဲတွင် နယ်အသီးသီးမှ လာရောက်ယှဉ်ပြိုင်သော ကစားသမားများအတွက် ဧပြီ ၂၅ရက်မှ ဗိုလ်လုပွဲပြီးနောက်တစ်နေ့အထိ တစ်နေ့ သုံးကြိမ်အခမဲ့ ထမင်းကျွေးမှုများကို မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ရန်ပုံငွေဖြင့် အဆင့်မီမီ ကျွေးမွေးသွားမည်ဖြစ်သည်။

ပါဝင်ကူညီ

ယခု ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပသည့်နေရာနှင့် နောက်ပိုင်း ဆက်လက်ပြုလုပ်မည့် အစီအစဉ်များနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက် အတွင်းရေးမှူး(၁) ဦးကျော်ကျော်ဝင်းက "ယခု ပြိုင်ပွဲကို ဧပြီ ၂၆ရက်က စပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏနဲ့ ကျိုက္ကဆံအားကစားရုံတွေမှာ တစ်ပြိုင်နက်တည်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေမှာ အာရှဆိုင်ရာ ဖီဖာဒိုင်လူကြီးနှစ်ဦးက ပါဝင်ကူညီပေးမှာဖြစ်ပြီး တစ်ပြိုင်နက်တည်းမှာပဲ သူတို့နှစ်ဦးက ဒိုင်လူကြီး မွမ်းမံသင်တန်းတွေ ပို့ချပေးသွားမှာပါ။ ဒါကလည်း ဒိုင်လူကြီးတွေကိုဘတ်စကက်ဘော နည်းစနစ်တွေ ဖြန့်ဖြူးပေးလိုခြင်း ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာတော့ ရန်ကုန် အပါအဝင် နယ်မြို့တွေမှာပါ ဘတ်စကက်ဘောပြိုင်ပွဲတွေ ဆက်လက်ကျင်းပပေးသွားမှာ ဖြစ်ပါတယ်။ ဒါကလည်း ဒေသခံ အားကစားသမားတွေ ဖော်ထုတ်နိုင်အောင်လို့ဖြစ်ပြီး အသက် ၄၀ကျော်တွေရဲ့ ပြိုင်ပွဲထည့်သွင်းကျင်းပခြင်းဟာလည်း ဘတ်စကက်ဘောကစားသမားဟောင်းတွေ ပြန်လည်စုစည်းမိပြီး ဘတ်စကက်ဘော အားကစားနည်း ဖွံ့ဖြိုးလာအောင် တစ်ဖက်တစ်လမ်းက ပါဝင်ကူညီပေးနိုင်အောင်လို့ပါ"ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ထို့နောက်ဘတ်စကက်ဘောသရုပ်ပြကစားမှုများကို ဆက်လက် ယှဉ်ပြိုင်ကြပြီး ဧပြီ၂၆ရက် **(ယနေ့)**၌ ဘတ်စကက်ဘောပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

သရုပ်ပြ ယှဉ်ပြိုင်

၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ ဖလား ဘတ် စ ကက် ဘော ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် စိုင်းစိုင်းခမ်းလှိုင် အဖွဲ့နှင့် အသက် ၄၀ ကျော် အား က စား သမား ဟောင်းများ ဤသို့ သရုပ်ပြ ယှဉ်ပြိုင်ခဲ့ကြသည်။ (မြန်မာ့အလင်း)

စိုင်းစိုင်းခမ်းလှိုင် ဖျော်ဖြေ တင်ဆက်

စိုင်းစိုင်းခမ်းလှိုင်၏ သီဆို ဖျော်ဖြေ တင်ဆက်မှုကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

မဟာသန္တိသုခ ရုပ်ပွားတော်များ ပင့်ဆောင်ပူဇော်မည်

ရန်ကုန် ဧပြီ ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံသားအားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး၊ ဝေနေယျများစွာ သတ္တဝါအားလုံးတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေရန်၊ နှလုံးစိတ်ဝမ်း အေးချမ်းကြစေရန် ရည်ရွယ်စိတ်သန်အဓိဋ္ဌာန်ဖြင့် ပဲခူးတိုင်း တောင်ငူခရိုင် ကေတုမတီမြို့သစ် မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်အပ်သော မဟာသန္တိသုခအောင်ချမ်းသာစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည့် မဟာသန္တိသုခ ဗုဒ္ဓရုပ်ပွားတော်ကြီးများကို ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော်၇ရက်၊ ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် မန္တလေးမြို့မှ ကေတုမတီမြို့သစ်(တောင်ငူ)သို့ မော်တော်ယာဉ်များဖြင့် သယ်ယူပင့်ဆောင်ပူဇော်မည်ဖြစ်သည်။

လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းရသော မြို့ရွာများရှိ ရဟန်းရှင်လူ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်အပေါင်းတို့ ကြွရောက်ဖူးမြော်ပူဇော် ကုသိုလ်တော်ယူနိုင်ကြစေရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo		Management အကြောင်း သိကောင်းစရာ)
၇း၀၅-၁း၀၅	"မြိုးသေမဲ့သေ"တရားတော် [ဆရာတော် အရှင်ဇဝန မေတ္တာရှင်)]	၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၈း၀၅-၂း၀၅	ACTIVITIES IN THE CITY	၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၁း၁၅-၅း၁၅	စိတ်အားထက်သန် ဆန္ဒအမှန်
၈း၄၅-၂း၄၅	သပြေကုန်းမှ ရွှေအပြုံးများ	၁၁း၄၀-၅း၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၉း၂၀း-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်	၁၁း၅၀-၅း၅၀	သီးပွင့်ဝေဆာပဒေသာ (ပျားလိမ္မော်)
၉း၃၅-၃း၃၅	တီထွင်ဖန်တီးဆန်းသစ်စေမှာ ကလေးများရဲ့ကမ္ဘာ	၁၂း၀၅-၆း၀၅	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၁၀း၀၀-၄း၀၀	နိုင်ငံတကာ သတင်းအကျဉ်း	၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	အလှမျိုးစုံလင် တောင်လေးကားမြို့တော်တစ်ခွင်	၁၂း၁၅-၆း၁၅	အသက်ကလေးရယ်တဲ့ ရှည်စေလို (ဦးအောင်လွင်၊ဦးကြည်စိုး၊ ငှက်ပျော်ကြော်၊ ထင်ပေါ်၊ မေထွဋ်ခေါင်၊ မျိုးမျိုးခိုင်) ဒါရိုက်တာ-ကြည်စိုး
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်	၁၂း၃၅-၆း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၃၅-၄း၃၅	Diploma Guide (Diploma in Logistics	၁၂း၅၀-၆း၅၀	လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
		၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Chelsea -ManUtd	ESPN(Live)
၈း၂၅	Tottenham - Bolton	ESPN(Live)
	Birmingham- Liverpool	Star Sport(Live)
၁၀း၃၀	Sunderland - Middlesbrough	Star Sport(SDD)
၁၁း၀၀	Wigan - Reading	ESPN(SDD)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နေကြာစေ့စားခြင်းဖြင့် အဆုတ်ရောဂါလျော့ကျစေနိုင်

နေကြာစေ့ကို နေကြာပန်းပွင့်မှရရှိပြီး အဖြူနှင့် မီးခိုးရောင်စပ်ကြား အရောင်အဆင်းရှိသည်။ နှစ်စဉ် ဖေဖော်ဝါရီနှင့် ဧပြီလတို့တွင် လှိုင်လှိုင်ပေါများပြီး တစ်နှစ်ပတ်လုံး ဈေးများ၌ မပြတ်တမ်း တွေ့ရှိနိုင်သည်။

နေကြာစေ့တွင် ပါဝင်သောဓာတ်များမှာ ဗီတာမင်အီး၊ ဗီတာမင်ဘီ၊ မင်ဂနီးစ်၊ မင်ဂ္ဂနီဆီယမ်၊ ကော့ပါး၊ ဆီလီယမ်၊ ဖော့စပရပ်စ်၊ ဗီတာမင် ဘီ-၅နှင့် ကယ်လိုရီတို့ ပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်အီးနှင့် ဗီတာမင်ဘီ -၁ တို့ဖြစ်သည်။

လျော့ကျစေနိုင်

နေကြာစေ့၌ ဗီတာမင်အီး ၉၀ ဒသမ၅ရာခိုင်နှုန်းနှင့် ဗီတာမင်ဘီ-၁ ပါဝင်မှု ၅၄ဒသမ ၇ရာခိုင်နှုန်းရှိပြီး မင်ဂနီးစ်မှာ ၃၅ရာခိုင်နှုန်းခန့် ပါဝင်သည်။ ဗီတာမင်အီး ပါဝင်မှုများပြားသဖြင့် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများမှုကို လျော့ကျစေနိုင်သည်။

ကာကွယ်

နေကြာစေ့ကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် သင့်တင့်စွာ စားသုံးသွားပါက အဆုတ်ရောဂါဖြစ်ပွားမှုများကို လျော့ကျနိုင်သည့်အပြင် အူမကြီးကင်ဆာဖြစ်ပွားမှုကိုလည်း လျော့ကျစေသည်ဟု ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။ ထို့အပြင် နေကြာစေ့ကို နေ့စဉ်လက်ဖက်ရည်ဖန်ခွက်၏ သုံးပုံတစ်ပုံခန့်နေ့စဉ် စားသုံးသွားပါက နှလုံးရောဂါ ဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း၊ သွေးထဲတွင် ကိုလက်စထရော ပါဝင်မှုပမာဏများပြားနေခြင်းကို လျှော့ချပေးနိုင်ကြောင်း ၄င်းတို့က ပြောကြားသည်။ (အင်တာနက်)

ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခေါင်သံ(၈)လက်ဝှေ့ပွဲ လုံးချောနဖူးကွဲခဲ့သော်လည်း ဝင်းထွန်းနှင့် သရေပွဲဖြစ်

လက်ဝှေ့မြင်ကွင်း–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း–တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)

နေရာ ။ ။ ရန်ကုန်မြို့၊ ကရဝိက်ဥယျာဉ်ကမ္ဘာရှိ မျှော်စင်ကျွန်း
အချိန် ။ ။ ၂၀၀၈ခုနှစ် ဧပြီ ၂၅ရက်၊ ည ၉း၀၀
ပွဲစဉ် ။ ။ ကယ်(လ်)ဆမ် မျှော်စင်ကျွန်းမှ စိန်ခေါင်သံ(၈)

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး ကယ်(လ်)ဆမ်ကွေကာက ကူညီပံ့ပိုးမှုနှင့် T& T Group ကတာဝန်ယူကျင်းပသည့် ကယ်(လ်)ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါင်သံ(၈)လက်ဝှေ့ပွဲကို အလွတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)နှင့် သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ ပွဲကြောင့် မျှော်စင်ကျွန်း၌ ပရိသတ်များ စည်ကားနေသည်။

အားပေး

လုံးချောက အနီထောင့်၊ ဝင်းထွန်းက အပြာထောင့်၊ အရပ်အမောင်းမြင့်ပြီး ခန္ဓာကိုယ် တောင့်တင်းသည့်လုံးချောနှင့် အရပ်နိမ့်ပြီး ခန္ဓာကိုယ်ကျစ်လျစ်သည့် ဝင်းထွန်းတို့ကား ရင်ဆိုင်တွေ့ပြီဖြစ်သည်။ ပွဲမစခင်ကပင် ပရိသတ်တွေက ထိုင်ရာမှထပြီး ကြည့်ကာ လုံးချောပရိသတ်များက လုံးချော…လုံးချောနှင့် အော်ဟစ်နေကြသလို ဝင်းထွန်း ပရိသတ်များကလည်း ဝင်းထွန်း… ဝင်းထွန်းဟု သံပြိုင်အော်ကာ အားပေးနေကြသည်။

ပွဲစပြီ‥အရပ်မြင့်ပြီး အားကောင်းသည့် လုံးချောက အားနှင့်ဖိပြီးလိုက်ထိုးသည်။ ဝင်းထွန်းက ရှောင်ရင်းတိမ်ရင်း ညာဖြတ်လက်သီး ဘယ်ဖြတ်လက်သီးများဖြင့် လျှပ်ပြက်သလိုထိုးရာ ပထမအချီမှာပင် လုံးချောနဖူးကွဲပြီး သွေးများစီးကျလာလေသည်။ ဆရာဝန်က ဆက်ထိုးရန် ခွင့်ပြုသဖြင့်လုံးချောဆက်ထိုးသည်။ ဝင်းထွန်း ပရိသတ်များက အော်ဟစ်ဆူညံစွာ အားပေးကြသည်။

လုံးချော (K.L.N) ၏ ညာခြေကန်ချက်ကို ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)က ဤသို့ ကာကွယ်ခဲ့ရသည်။ (မြန်မာ့အလင်း)

ဒုတိယအချီတွင် လုံးချောကခြေကန်ချက်၊ ဒူးတိုက်ချက်များအပြင် ညာဝိုက်လက်သီးများဖြင့် ဖိပြီးထိုးရာ ဝင်းထွန်းက လှုလှုပပရှောင်တိမ်းပြီး ဖျတ်ခနဲ၊ ဖျတ်ခနဲ ဝင်ကပ် ဝင်ပူးကာ လုံးချောမျက်နှာကို ထိုးရာလုံးချောမျက်လုံးတစ်ဖက်လည်း ဖူးရောင်လာသည်။ လုံးချော၏ ပြင်းထန်သောခြေကန်ချက်၊ အားပါသော ညာဖြောင့်လက်သီးများကလည်း ဝင်းထွန်းမျက်နှာသို့ ထိမှန်ရာ ဝင်းထွန်းလည်း ခါဆင်းသွားသည်။

အတွဲလိုက်ထိမှန်

တတိယအချီတွင် လုံးချော၏ခြေကန်ချက်ကြောင့် ဝင်းထွန်းလဲကျသွားသော်လည်း ချက်ချင်းပြန်ထပြီး ဘယ်ညာတွဲလုံးများဖြင့်ထိုးသတ်၍ လုံးချောလည်း ယိုင်ဆင်းသွားရာ ဝင်းထွန်းက ဆက်တိုက်ဖိထိုးရာလုံးချောက ခြေဖြင့်ထောက်ကာ ဟန့်တားခဲ့ရသည်။ ဝင်းထွန်းက အဝင်အထွက်ပါးနပ်စွာဖြင့်ထိုးသတ်ရာ စတုတ္ထအချီ၌ လုံးချောဒူးတိုက်ချက်ကြောင့် ဝင်းထွန်းလဲကျခဲ့သော်လည်း ချက်ချင်းပြန်ထကာ ဆက်ထိုးသည်။ ဝင်းထွန်း၏ ညာဖြတ်လက်သီးချက်များက လုံးချောမျက်နှာကို အတွဲလိုက်ထိမှန်ရာ လုံးချောပရိသတ်လည်း ဟာခနဲ ဟင်ခနဲ ဖြစ်သွားရသည်။

ပဉ္စမအချီတွင် လုံးချောကပွဲသိမ်းရန် အတင်းဖိပြီး ထိုးသော်လည်း ပါးနပ်သော ဝင်းထွန်းကလည်း အရှောင်အတိမ်းကောင်းကောင်းဖြင့် ထိုးသတ်သွားသဖြင့် ပွဲမဖြတ်နိုင်ဘဲ ပူးတွဲသရေဖြင့် ပွဲသိမ်းခဲ့ရသည်။ သရေပွဲဖြစ်ခဲ့သဖြင့် ပရိသတ်ဆန္ဒမပြည့်သော်လည်း အပြန်အလှန်ထိုးသတ်မှုများက ရင်ဖိုစရာကြောက်ခမန်းလိလိဖြစ်ရာ ပရိသတ်အကြိုက်တွေ့ခဲ့ရသည့်ပွဲဖြစ်သည်။

ထို့နောက် သိုးထိန်း(မြန်မာပြည်သား)နှင့် ချောလေး(ရွှေဒေါပုံ)တို့ပွဲတွင် သိုးထိန်း၏ ဒူးတိုက်ချက်ခြေကန်ချက်များက မှန်တိုင်းတိုက်ခတ်သလို ချောလေးအား ထိမှန်ရာ ကြိုးဝိုင်းဒိုင်က လက်ရည်မမျှသဖြင့် သိုးထိန်းအားအနိုင်ပေးလိုက်သည်။

ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း) ဘယ်လက်သီးက လုံးချော(K.L.N) ၏ လည်ပင်းကို ထိမိခဲ့သည် (မြန်မာ့အလင်း)

နောက်တစ်ပွဲကား ချန်ဒူးဝမ်နှင့် မင်းမင်း (အလင်းရောင်)တို့ပွဲ ဖြစ်သည်။ ချန်ဒူးဝမ်၏ ဘယ်ညာပင့်လက်သီးနှင့် ခြေကန်ချက်များကလည်း ပြင်းထန်လွန်းရာ မင်းမင်း မျက်နှာကို အရှိန်ပြင်းစွာထိပြီး မင်းမင်းလဲကျအနားတောင်းရသည်။ ထို့နောက် ဆက်ထိုးသော်လည်း ချန်ဒူးဝမ်၏ ညာပင့်လက်သီး ထိထိမိမိအထိုးခံရပြီး လဲကျခဲ့သဖြင့် ချန်ဒူးဝမ်က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

တစ်ဖန် စောကရင်နှင့် ဘနှစ်လေးတို့ပွဲတွင် လွှတ်ဟော့ဆိုသည်နှင့် ခြေကန်ချက်၊ ဒူးပုံ၊ ဘယ်ညာတွဲလုံးများဖြင့် အသက်ရှူမှားမတတ် အပြိုင်ထိုးသတ်ကြရာ ပရိသတ်အကြိုက်ဖြစ်ခဲ့သည်။ ဘနှစ်လေး၏ခြေကန်ချက်က ကြောက်စရာကောင်းသလို စောကရင် ဘယ်ဖြောင့်လက်သီးများကလည်း မီးပွင့်မတတ်ဖြစ်ရာ ပွဲချိန်ပြည့်သည်အထိ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်ခဲ့ရသည်။

ဂျိုးမတေနှင့် မိုးခိုက်(မြန်မာပြည်သား)တို့ပွဲကလည်း ရင်မစရာကောင်းသည်။ ဂျိုးမတေ၏ ခြေကန်များက ပလူပျံနေသလို အားပါသောဖြောင့်လက်သီးများကလည်း မိုးခိုက်ကို အကြိမ်ကြိမ်ယိမ်းယိုင်သွားစေသည်။ ဒုတိယအချီတွင် မိုးခိုက် သက်လုံမကောင်းဘဲ ဖြစ်နေရာ ဂျိုးမတေက ညာဖြတ်လက်သီးဖြင့် အလဲထိုးပြီး အနိုင်ယူနိုင်ခဲ့သည်။

ထစ်ချုံးနှင့် ထူးလေးအောင်တို့ပွဲတွင် အနီထောင့်မှ ထစ်ချုံးကအသားဖြူပြီး အပြာထောင့်မှ ထူးလေးအောင်ထက် အရပ်ပိုမြင့်သည်။ လွှတ်ဟော့ဆိုသည်နှင့် ထစ်ချုံးက ဘယ်ညာဝိုက်လက်သီးများဖြင့် ထိထိမိမိထိုးသတ်ရာ ထူးလေးအောင်လည်း ပြိုလဲမတတ်ဖြစ်ခဲ့ရပြီး မကြာခဏလဲကျခဲ့သည်။ ဒုတိယအချီ ၂၅ စက္ကန့်တွင် ထစ်ချုံး၏ ဘယ်ညာတွဲလုံးများထိပြီး ထူးလေးအောင်လဲကျခဲ့သဖြင့် လက်ရည်မမျှဟု သတ်မှတ်ကာ ကြိုးဝိုင်းဒိုင်လူကြီးက ထစ်ချုံးအား အနိုင်ပေးလိုက်သည်။

ပူးတွဲသရေ

စောအာကာနှင့် ဂဠုန်မင်း (မျိုးဇာနည်) တို့ပွဲကား အရပ်မြင့်ပြီးတောင့်တင်းသော စောအာကာက ပွဲစသည်နှင့် ဘယ်ထောက် လက်သီးအားကိုးဖြင့် လိုက်ထိုးသည်။ ဂဠုန်မင်းက ညာဖြတ်လက်သီးများဖြင့် တန်ပြန်ထိုးသတ်သည်။ စောအာကာ၏ ဘယ်ညာတွဲလုံးများက ဂဠုန်မင်းမျက်နှာသို့ မိုးသီးမိုးပေါက်ပမာကျရောက်သော်လည်း ခံနိုင်ရည်ကောင်းသော ဂဠုန်မင်းက တောင့်ခံသည်။ စောအာကာ၏ ဘယ်ထောက် ညာဖြတ်လက်သီးများကား ဂဠုန်မင်းကို ခါဆင်းသွားစေပြီး ကြမ်းပြင်ပေါ်သို့လဲကျခဲ့သည်။ သို့သော် ဂဠုန်မင်းကသတ္တိ ကောင်းကောင်းဖြင့် တုံ့ပြန်ထိုးသတ်ခဲ့သဖြင့် အလူးအလဲဖြစ်ခဲ့သော်လည်း ပူးတွဲသရေပွဲဖြစ်ခဲ့သည်။

ခိုင်လင်း (မျိုးဇာနည်)နှင့် မိုးသီး (မြန်မာပြည်သား)တို့က နှစ်ဦးစလုံးပွဲစသည်နှင့် ဖြောင်းဖြောင်းထအောင် ထိုးသတ်ကြသည်။ အရပ်မြင့်သောခိုင်လင်းက မိုးသီးအား ဘယ်ညာကန်ချက်များ၊ ညာဝိုက်လက်သီးများဖြင့် တရစပ်ထိုးသတ်ရာ မိုးသီးလည်း ရှောင်တိမ်းရင်း ပင့်လက်သီးဖြောင့်လက်သီးများတုံ့ပြန်သည် ဘယ်လက်သီးအားကိုးသော ခိုင်လင်းက အပိုင်ထိုးခွင့်ရအောင်ကြိုးစားသော်လည်း ပါးနပ်သည့်မိုးသီးက ရှောင်တိမ်းရင်း ဖြောင့်လက်သီးမှန်မှန် ပစ်သွင်းခဲ့သဖြင့် ပွဲချိန်ပြည့် ထိုးသတ်ပြီး ပူးတွဲသရေဖြစ် သွားခဲ့သည်။

စောဂပရေမှူးနှင့် အာကာဟိန်း(မြို့တော်စည်ပင်)တို့ပွဲ၌စောဂပရေမှူးက အနီထောင့်၊ အာကာဟိန်းက အပြာထောင့်၊ ပွဲစသည်နှင့်စောဂပရေမှူး၏ဘယ်ညာ လက်သီးတွဲများ တရစပ် လျှပ်ပြက်သလိုထိုးသတ်ခဲ့သဖြင့် အာကာဟိန်းလည်း ကြမ်းပြင်ပေါ် ပစ်လဲကျခဲ့ပြီး အနားတောင်းရသည်။ ထို့နောက် ဆက်လက်ထိုးရာ စောဂပရေမှူး၏ ဘယ်ညာ ဖြတ်လက်သီးများထိပြီး အာကာဟိန်းလဲကျခဲ့သဖြင့် ပထမအချီ ၁မိနစ် ၁၀စက္ကန့်မှာပင် စောဂပရေမှူးက အလဲထိုးအနိုင်ရရှိသွားသည်။ ။

(မြန်မာ့အလင်း)

မျှော်စင်ကျွန်းမှ စိန်ခေါင်သံ(၈) မြန်မာ့ရိုးရာလက်ဝှေ့ထိုးသတ်ယှဉ်ပြိုင်ပွဲကို လက်ဝှေ့ဝါသနာရှင်များ ဤသို့ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း မှုခင်းသတင်းများ

သရက်ခရိုင် ကံမမြို့နယ် သာစည်ကျေးရွာတွင် အိမ်ခြေ ၇၉လုံး မီးလောင်ဆုံးရှုံး

ရန်ကုန် ဧပြီ ၂၅

မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် သာစည်ကျေးရွာနေ ဦးဟန်မြင့် အသက် ၄၅နှစ် (ဘ)ဦးညီစိန်၏ နေအိမ်မှစ၍ ဧပြီ ၂၄ရက် ည၉နာရီခွဲက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုးပျဉ်ကာအိမ် ၃၂လုံး၊ သွပ်မိုး ထရံကာအိမ် ၅၇လုံး စုစုပေါင်း ၈၉လုံး မီးလောင်ကျွမ်းခဲ့သဖြင့် အိမ်ထောင်စု ၉၂စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး လူ၊ တိရစ္ဆာန် အသေအပျောက်မရှိခဲ့ပေ။ မီးလောင်ကျွမ်းစဉ် မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ရာ ည ၁၁နာရီ မိနစ် ၅၀တွင် မီးငြိမ်းသွားခဲ့သည်။ မီးဘေးဒုက္ခသည်များအား ကံမမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကျေးရွာဘုန်းကြီးကျောင်း နှင့် စာသင်ကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်း နှစ်ခုဖွင့်လှစ်ထားရှိပြီး မီးလောင်မှုနှင့် ပတ်သက်၍ကြို့ပင်ရဲစခန်းမှ ဟန်မြင့်အား(ပ)သတင်းချက် အမှတ် ၂၄/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ဖြင့် အရေးယူထားသည်။

ကြည့်မြင်တိုင်မြို့နယ်၌ ဓားထိုးမှု နှစ်မှုဖြစ်ခဲ့

ရန်ကုန် ဧပြီ ၂၅

ကြည့်မြင်တိုင်မြို့နယ် သရက်တောမြောက်ရပ်ကွက် ကမ်းနားလမ်း၃/ တောင်ကွေ့ ရှိ ထမင်းကြော်ဆိုင်တွင် ဧပြီ ၂၄ရက် ၀၀း၃၅နာရီခန့်က စားသောက်ပြီး ပြန်လာသည့် အဆိုပါရပ်ကွက် ကမ်းနားလမ်းရှိ ကောင်းကြိုက်ဒံပေါက်ဆိုင်မှ မန်နေဂျာ သီဟကျော် (၂၇)နှစ် (ဘ)ဦးကျော်မောင် အမှတ် ၇၄ ကျောက်ကုန်းလမ်း ၂ရပ်ကွက် ကမာရွတ်မြို့နယ်အား အမျိုးသားတစ်ဦး (စိစစ်ဆဲ)က မူးယစ်ပြီးအကြောင်းမဲ့ရန်စကာ ဓားဖြင့် တစ်ချက်ထိုးခဲ့၍ သီဟကျော်မှာ ဝမ်းဗိုက်တွင် ဒဏ်ရာရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသထားသည်။

အလားတူ သီတာရပ်ကွက် ကမ်းနားလမ်းရှိ သီရိမင်္ဂလာဈေး၌ ကွမ်းပွဲစား လုပ်ကိုင်သူ စောခိုင်(၄၂)နှစ် (ဘ)ဦးအုန်းတင် အမှတ်၃၇ ပထမထပ် ဆင်ရေကန်လမ်း ဆင်မင်းရပ်ကွက် အလုံမြို့နယ်အား ဈေးဝင်ပေါက်အနီးတွင် ယင်းနေ့နံနက်၂နာရီခန့်က အမျိုးသားသုံးဦး(စိစစ်ဆဲ)မှ ဘီယာဆိုင်မည်သည့်နေရာတွင်ရှိကြောင်း မေးမြန်းစဉ် စောခိုင်က မချေမငံပြန်ပြောရာမှ စကားများကာ ၎င်းလူသုံးဦးအနက် တစ်ဦးက ဓားမြှောင်ဖြင့်ထိုးခဲ့သောကြောင့် စောခိုင်မှာ ဆီးစပ်နှင့်ဝဲဘက်ပါးတွင် ဒဏ်ရာရရှိပြီး ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသခဲ့သော်လည်း ၀၉း၀၀ အချိန်တွင် ယင်းဒဏ်ရာကြောင့် သေဆုံးသွားခဲ့သည်။ ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ကြည့်မြင်တိုင်ရဲစခန်းမှ စောခိုင်ဓားထိုးခံရပြီး သေဆုံးမှုအား (ပ)သတင်းချက် အမှတ် ၅၁၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ဖြင့်လည်းကောင်း၊ သီဟကျော် ဓားထိုးခံရမှုအား (ပ)သတင်းချက် အမှတ် ၅၁၈/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ဖြင့်လည်းကောင်း ဖွင့်လှစ်၍ တရားခံများ ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် သောက်ရေကန်အတွင်း လူတစ်ဦး ရေနစ်သေဆုံး

ရန်ကုန် ဧပြီ ၂၅

သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် အနော်မာလမ်းနှင့် ဇေယျာဝဏ် လမ်းထောင့်ရှိ အနော်မာသောက်ရေကန်၌ ယနေ့နံနက်၉နာရီက လူတစ်ဦးရေနစ် သေဆုံးကြောင်း သတင်းအရ အမှတ်(၁) ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးရာ ရေနစ်သေဆုံးသူမှာ ရန်ပိုင် အသက် ၃၀ (ဘ)ဦးထင်ကျော်၊ အမှတ်၂၉ ထူပါရုံအရှေ့၄လမ်း ၁/ထူပါရုံရပ်ကွက် သာကေတမြို့နယ်နေသူဖြစ်ပြီး အရက် သောက်စားမူးယစ်ပြီး ညအချိန်မတော် ရေဆင်းကူးရာမှ ရေနစ်သေဆုံးခြင်းဖြစ်နိုင် သည်ဟု ပတ်ဝန်းကျင်ပြောပြချက်အရ သိရသည်။ ၎င်းအား ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ရာ ပီအာရ် ဝစနှင့် အမှတ်(၁) ရဲစခန်းမှ သေမှုသေခင်းအမှတ် ၅/၂၀၀၈အရ ဖွင့်လှစ်၍ ဆက်လက်စုံစမ်း ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဧပြီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၄-၂၀၀၈) ရက်နေ့

၂၀၀၈ခုနှစ် မေလအတွက်

(၁၁-၅-၂၀၀၈)ရက်နေ့နှင့် (၂၅-၅-၂၀၀၈)ရက်နေ့

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၈ခုနှစ်၊ ဧပြီလ (၂၉)ရက်

အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်

၂၀၀၈ခုနှစ်၊ ဧပြီလ (၂၅)ရက်–မေလ (၁)ရက်

ငှက်ဖျားရောဂါအန္တရာယ်၊ နေရာအနှံ့တို့ကာကွယ်

Malaria - a disease without borders

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော စူပါကွေကာ ထိတ်ထိတ်ကြဲ ချန်ပီယံစိန်ခေါ်ပွဲကြီး အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ်(၃)

လက်တွေ့သတင်းအကြိုနှင့်ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)   စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Superကွေကာ(SSL. Co., Ltd.) ၏အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ စိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင်) စီစဉ်သော စူပါကွေကာ ထိတ်ထိတ်ကြဲချန်ပီယံစိန်ခေါ်ပွဲ "အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ် ၃" ကို ဧပြီ ၂၇ရက် (တနင်္ဂနွေနေ့)(မနက်ဖြန်) ညနေ ၃နာရီတွင် အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ ပထမတန်း ချန်ပီယံဘွဲ့ခံ ရွှေဆိုင်း (မြိုင်ကြီးငူ)နှင့် မစ်ဒယ်ဝိတ်တန်း



၂၀၀၆ ခုနှစ် မြန်မာပြည်ချန်ပီယံ ရွှေဆိုင်း၏ ကိုယ်နေဟန်ထား။

ရွှေခါးပတ်ချန်ပီယံ(၂၀၀၇) ရန်ကြီးအောင် (မြို့တော်စည်ပင်)၊ ပြည်နယ်/တိုင်း ထပ်ဆင့်ရွှေတံဆိပ်ဆုရှင် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ဖိုးကေ(မန္တလေး)တို့၏ ပွဲများအပါအဝင် ပွဲစဉ်ပေါင်း ၁၀ ပွဲ ပါဝင်မည်ဟု သိရသည်။

ရွှေဆိုင်း

ရွှေဆိုင်းသည် ၂၀၀၄ ခုနှစ်က ပထမတန်း ချန်ပီယံဘွဲ့ခံ ဝမ်ချိုင်းအား အလဲထိုးခြင်းဖြင့် ချန်ပီယံဘွဲ့ကို လက်ပြောင်း ရယူနိုင်သူဖြစ်သည်။ ထို့နောက် လုံးချော့နှင့် လေးကြိမ် ရင်ဆိုင်ခဲ့သောပွဲ အပါအဝင် ရှုံးပွဲမရှိ စံချိန်တင်ထားသည်။ ပြီးခဲ့ သည့် တပေါင်းလပြည့်နေ့က လမိုင်းမြို့၌ ၄င်းထက် ဝိတ်တန်းငယ်သူ ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)ကို သရေကျခဲ့ပြီး ဇန်နဝါရီလကလည်း မွန်ပြည်နယ် နှစ်ကရင်ကျေးရွာတွင် သူရရဲအောင်(မြန်မာပြည်သား)ကို သရေပွဲသာ ထိုးသတ်နိုင်ခဲ့သည်။

ရှုံးပွဲမရှိသော်လည်း သရေပွဲများနေခြင်းကြောင့် ယခုပွဲ၌ ရန်ကြီးအောင်အား အနိုင်ယူခြင်းဖြင့် ၄င်း၏ လက်တွေ့သမိုင်းကို အရောင်တင်နိုင်ရန် ပြင်ဆင်လေ့ကျင့်ထားသည်။ ရွှေဆိုင်း၏ညာဖြောင့်လက်သီးက ဝါးထိုးဝါးကွဲ၊ ကျားထိုးကျားလဲဟု ဆိုရလောက်အောင်ပင် ပြင်းထန်သည်။ လုံးချော့နှင့် တတိယအကြိမ် ရင်ဆိုင်ခဲ့ရသော MCC ပွဲတွင် ထိုညာဖြောင့်လက်သီးက လုံးချော့ကို ပထမအချီ၌ပင် သတိလစ်သွားစေခဲ့ဖူးသည်။

ရန်ကြီးအောင်

ရန်ကြီးအောင်က ဖခင်ဖြစ်သူ ရိုးရာလက်ဝှေ့ကျော် ဟောင်း တိုင်းကျော်၊ ဦးမင်း ဖြစ်သူ ရိုးရာလက်ဝှေ့ကျော် စောကျားသွေးတို့ထံမှ ပညာအမွေခံခဲ့သူဖြစ်၍ ထိုးလုံး သတ်ပေါက်စုံလင်သည်။ ဒူးတိုက်ချက်များက တိကျပြင်းထန်သည်။ နှစ်ကရင်ပွဲတွင် ရွှေဆိုင်းအား အစီးသရေ ထိုးသတ်နိုင်ခဲ့သူ ဝယ်တာဝိတ်တန်း ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ သူရရဲအောင် (မြန်မာပြည်သား) ကို ပြီးခဲ့သည့် တပေါင်းလပြည့်က သံဖြူဇရပ်မြို့၌ ဒူးတိုက်ချက်ဖြင့် တတိယအချီ၌ ပွဲသိမ်းအနိုင်ယူခဲ့သည်။

အမှတ်စဉ်ရေတွက်

ပထမတန်း လက်ဝှေ့ကျော် အယ်ထီးကော်ကို အစီးသရေထိုးသတ်နိုင်ခဲ့ပြီး အလွတ်တန်း ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ လုံးချော့အား နှစ်ကြိမ်ရင်ဆိုင်ထိုးသတ်ခဲ့ရာ ပထမအကြိမ် (မျှော်စင်ကျွန်း ၅)တွင် အနားတောင်းစေခဲ့ပြီး ဒုတိယအကြိမ်(မန္တလေး ပြည်ထောင်စုပွဲ)တွင် အမှတ်စဉ် ရေတွက်ခံစေခဲ့သည်။

အနိုင်ယူပြ

သို့ဖြစ်၍ လက်ရှိ ရိုးရာ လက်ဝှေ့လောက၌ ထိုးသတ်ကြေး အမြင့်ဆုံးရယူနေသူ ရွှေဆိုင်းအား ယခုပွဲ၌ အနိုင်ယူပြမည် ဖြစ်ကြောင်း အာမခံထားသည်။

ဝါးရင်းတုတ်ဖိုးကေ

၄င်းတို့နှစ်ဦး၏ပွဲနှင့်အတူ ပြည်နယ်/ တိုင်း ရွှေတံဆိပ်ဆုရှင် ဖိုးကေ (မန္တလေး) နှင့် ပြည်နယ်/ တိုင်း ထပ်ဆင့် ရွှေတံဆိပ်ဆုရှင် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)တို့ပွဲ၌လည်း ပါဝင်မည်ဖြစ်သည်။ ဖိုးကေသည် ၂၀၀၆ ခုနှစ်မှ ရိုးရာလက်ဝှေ့လောကသို့ စတင်ဝင်ရောက်ခဲ့သော်လည်း ပြိုင်ဘက်များကို စက္ကန့်ပိုင်းအတွင်း အလဲထိုးနိုင်ခဲ့သော ၄င်း၏ ဝိုက်လက်သီးတွဲကြောင့် ရိုးရာလက်ဝှေ့ ပရိသတ်များက ဝါးရင်းတုတ်ဖိုးကေဟု အမည်ပေးထားရသူဖြစ်သည်။

ဒီဇင်ဘာလက သုဝဏ္ဏာတွင် ဝါရင့် လက်ဝှေ့ကျော် ရှမ်းသွေးလေး(ထိုစဉ်က သူရဲကောင်းကလပ်) အား ၄၈ စက္ကန့်ဖြင့် အလဲထိုး၍ ဖေဖော်ဝါရီလက မန္တလေး အောင်မြေမန္တလာတွင် အာကာဟိန်း (အလင်းရောင်)ကို ၂၈ စက္ကန့်ဖြင့် အလဲထိုးခဲ့ပြီး ပုဂံညောင်ဦးတွင် ရှုံးကြေးရှိခဲ့သူ မိုက်ခဲကျောက်ပွင့်(မြန်မာပြည်သား)ကို မတ်လဆန်း



စိတ်ရှည်ဖွဲ့နပဲကြီးစွာဖြင့် ပါဝင် ယှဉ်ပြိုင်မည့် အမေ့သား (နှစ်ရှည်ဥယျာဉ်)၏ဟန်ပန်ကလည်း ဤသို့။

သုဝဏ္ဏပွဲနှင့် မတ်လနှောင်းပိုင်း ကျောက်ဆည်ပွဲများ၌ ပထမအချီ ၂ မိနစ်အတွင်း အလဲထိုးခဲ့သည်။

ရွှေမင်းရာဇာ

ပြိုင်ဘက်အား ဝါးရင်းတုတ်ဖြင့် ရိုက်သကဲ့သို့ ကြမ်းပြင်ပေါ် လှဲသိပ်တတ်သူ ဝါးရင်းတုတ်ဖိုးကေ၏ နိုင်ပွဲများကို ရိုက်ချိုးရပ်တန့်ပစ်မည်ဟု ကြုံးဝါးကာ ပွဲတောင်းလာသူက ကရင်ပြည်နယ် ကိုယ်စားပြု၍ ပြည်နယ်/တိုင်း ရွှေတံဆိပ်များကို ထပ်ဆင့်ဆွတ်ခူးခဲ့သည့် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ) ဖြစ်သည်။

၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)၏ ထိုးသတ်တော့မည့်ဟန်တစ်မျိုး။

သူကလည်း အလဲထိုး၊ အကွဲထိုးပွဲများဖြင့် ပြိုင်ဘက်များကို ချောက်ချားခဲ့သူဖြစ်၍ ၄င်းတို့နှစ်ဦး ပေ ၂၀ ကြိုးဝိုင်းတွင် ရင်ဆိုင်တွေ့မည့်ပွဲက အသည်းငယ်သူပွဲလာမကြည့်ရဟုပင် ဆိုရပေလိမ့်မည်။

အဆိုပါပြိုင်ပွဲများအပြင် ယနေ့ ထိပ်တန်းလက်ဝှေ့ကျော်များဖြစ်သည့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ရွှေသိန်းအောင် (နှစ်ရှည်ဥယျာဉ်)နှင့် ကျွန်စစ်အောင် (အလင်းရောင်)၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် အမေ့သား(နှစ်ရှည်ဥယျာဉ်)နှင့် ထက်လင်းအကောင်းဆုံး လက်ဝှေ့သမားဆုရ စိုးထက်ဦး(ရွှေလက်ရာ)၊ နဂါး (မြန်မာ့သွေးသစ်)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် စောနေအောင်(ရွှေလက်ရာ)ကလပ်၊ ပအို့လေး(အလင်းရောင်)နှင့် စိုးဒေဝါ (အမရပူရ)၊ ဖွဲ့မာန်(စဥ္စဒ်ကိုင်)နှင့် သိန်းညီညီ(အလင်းရောင်)၊ ကျော်လုံး(ရက္ခဗျာလ)နှင့် စနေထွန်း (မြန်မာ့သွေးသစ်)၊ ဟိန်းထိုက်အောင် (ရက္ခဗျာလ)နှင့် စိုးရာဇာမင်း (နှစ်ရှည်ဥယျာဉ်) တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာ လက်ဝှေ့ဝါသနာရှင်များအား သတင်းစကားပါးလိုက်ရပါသည်။ ။ (မြန်မာ့အလင်း)

ရွှေဆိုင်း၏ညာဖြောင့်လက်သီးက ဝါးထိုးဝါးကွဲ၊ ကျားထိုး ကျားလဲဟုဆိုရလောက်အောင်ပင် ပြင်းထန်။

ရန်ကြီးအောင်က ဖခင်ဖြစ်သူ ရိုးရာလက်ဝှေ့ကျော်ဟောင်း တိုင်းကျော်၊ ဦးမင်းဖြစ်သူ ရိုးရာလက်ဝှေ့ကျော် စောကျားသွေး တို့ထံမှ ပညာအမွေခံခဲ့သူဖြစ်၍ ထိုးလုံး သတ်ပေါက်စုံလင်၊ ဒူးတိုက်ချက်များက တိကျပြင်းထန်။

မြန်မာ့အလင်း လိုတိုရှင်းသတင်းများ

မြကန်သာစာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူ

နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာ မြကန်သာစာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူပွဲ အခမ်းအနားကို မတ် ၂၅ရက် ညနေ ၃နာရီက အဆိုပါကျေးရွာမွှော်ရုံ၌ ကျင်းပရာ မန္တလေးမြို့နယ်မှ အလှူရှင်ဦးချစ်ပေါ်-ဒေါ်ဆွေဆွေ မိသားစုက စာအုပ်စာစောင်၊ ဂျာနယ် ၁၅၀၀နှင့် ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း၊ တိုင်းဦးစီးမှူးက သတင်းစာချုပ်ပြီးအုပ်များ လှူဒါန်းကြသည်။ ထို့နောက် တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာကြည့်တိုက်ကြောင့် ပြည်သူများအသိဉာဏ်ပညာ တိုးတက်လာရပုံများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ပြည်သူများ သိသင့်သိထိုက်သော အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ဟုမ္မလင်း၌ အသိပေးရှင်းလင်း

ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း (မူလွန်ကျောင်း)တွင် ဧပြီ ၉ ရက် ညနေ ၃နာရီခွဲက မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ငွေနှင့် အလုပ်အမှုဆောင် ဦးစန်းငွေတို့က ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအကြောင်း အသိပေးရှင်းလင်း ဟောပြောပွဲကျင်းပသည်။ အလားတူပင် မြို့နယ်အတွင်း ကျေးရွာ ၆၄အုပ်စုသို့ အဖွဲ့ငါးဖွဲ့ဖြင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ အသိပေးရှင်းလင်း ဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင်းခြံတွင် Nursing Care သင်တန်းဖွင့်

မြင်းခြံခရိုင် ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြည်ကြီးခင် လူမှုဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော **Nursing Care** သင်တန်းဖွင့်ပွဲကို ဧပြီ ၃ရက်က မြင်းခြံမြို့ အမှတ် (၅) ရပ်ကွက်ရှိ ပြည်ကြီးခင် လူမှုဖွံ့ဖြိုးရေးအသင်း၌ ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား ၁၇ ဦး တက်ရောက်ကြပြီး မြန်မာနိုင်ငံ သူနာပြုအသင်း(ခွဲ) မြင်းခြံမှ ဒေါ်ခင်သူဇာမိုးနှင့် တာဝန်ရှိသူများက သင်တန်းပို့ချကြရာ မြင်းခြံခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းအောင် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝ၈၇)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သရုပ်ပြ

ကောလင်းမြို့တွင်း ယာဉ်တိုက်မှု လျော့နည်းရေး၊ ယာဉ်စည်းကမ်းလိုက်နာရေးအတွက် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၂၅ ရက်မှ ၃၁ ရက်အထိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများသို့ သွားရောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြောကြပြီး နေ့စဉ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မညီသော မော်တော်ယာဉ်များကို အရေးယူလျက်ရှိကြောင်း သိရသည်။ (ဝ၃၂)

ပရိတ်တရားတော်နာယူ

ပခုက္ကူခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ပရိတ်တရားတော် နာယူပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) မွန်းလွဲ ၂ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မဟာဝိဇယာရာမ (ပါဠိတက္ကသိုလ်) အရှေ့တိုက် ပဌာန်းမင်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတအမှူးပြုသော သံဃာတော်အရှင်မြတ်များက ပရိတ်တရားတော်များ ချီးမြှင့်ပေးကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် ဝန်ထမ်းမိသားစုများက တရားနာယူကြသည်။ (ဝ၇ဝ)

စူဠဘွဲ့ နှင်းသဘင်အခမ်းအနား ကျွန်းလှ၌ကျင်းပ

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်အတွင်းရှိ စာအောင်သံဃာတော်များ၊ သီလရှင်များအား အောင်လက်မှတ် ဆက်ကပ်ပေးအပ်သည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၇ ရက် နံနက်က မြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်မြင့်၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး မြင့်သန်း၊ မြို့နယ်သာသနာရေးမှူး ဦးဇော်သိန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မတ်လစာဖတ်ပွဲတော် ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မတ် ၂၅ ရက် နံနက် ၁၁ နာရီက စာဖတ်ဝိုင်း ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်-၂ ဦးစိုးမိုးနိုင်က မတ် ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ စိုးမြကျော်၏ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် အကျိုးကျေးဇူးများ အကြောင်းကို ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

နေရဉ္ဇရာမြို့ဟောင်းမှ တူးဖော်ရရှိသော အကြံတော်ပြည့်ဗုဒ္ဓရုပ်ပွားတော်

သတင်းဆောင်းပါး - သူရညွန့်
ဓာတ်ပုံမှတ်တမ်း - စိုးစိုးနိုင်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ကျော် ကာလကပင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရာ ဒေသဖြစ်ခဲ့သည်။ တိုင်းသူ ပြည်သားများမှာလည်း ဗုဒ္ဓ၏အဆုံးအမများနှင့်အညီ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ရောင့်ရဲခြင်း၊ စေတနာသဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊ ရတနာသုံးပါးအား ဆည်းကပ် ကိုးကွယ်ခြင်းစသည့် သူတော်ကောင်း အကျင့်တရားများနှင့်ပြည့်စုံကာ ယဉ်ကျေးသိမ်မွေ့သော နိုင်ငံသားများအဖြစ် သမိုင်းတစ်လျှောက်လုံး အစည်းအအုပ်မပျက် နေထိုင်လာခဲ့ကြသည်။

ရခိုင်ပြည်နယ် နေရဉ္ဇရာမြို့ဟောင်းမှ တူးဖော်ရရှိသော အကြံတော်ပြည့် ဗုဒ္ဓရုပ်ပွား တော်မြတ်နှင့် အရံရုပ်ပွားတော်နှစ်ဆူကို ဤသို့ဖူးတွေ့နိုင်သည်။

ကိုးကွယ်ခဲ့

ဗုဒ္ဓရှင်တော်မြတ်မရှိတော့သည့်နောက်ပိုင်းတွင်လည်း ဗုဒ္ဓကိုယ်စားရုပ်ပွား ဆင်းတုတော်များ၊ ဗုဒ္ဓဟောကြား တရားဓမ္မများ၊ စေတီပုထိုးများတည်ထား ကိုးကွယ်ကြပြီး ဗုဒ္ဓရှင်တော်မြတ် ကိုယ်တော်တိုင်တည်ရှိနေသကဲ့သို့ အာရုံမျက်မြင်၊ဦးတင်ရိုကျိုးရှိခိုး ကန်တော့လျက် ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးတိုင်၊ သစ်သီးဆွမ်း၊ ဆီမီး အသီးသီး ကပ်လှူပူဇော်ကြသည့်အပြင် သိမ်၊ကျောင်း၊ ဇရပ်နှင့် ရွှေငွေပစ္စည်းရတနာ၊ လယ်ယာကျေးကျွန်များပါမကျန် ဆက်ကပ်လှူဒါန်း ကိုးကွယ်ခဲ့ကြသည်။

ထို့ကြောင့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီစသော စေတီပုထိုးများနှင့် ဗုဒ္ဓကိုယ်ပွား ရုပ်ပွားဆင်းတုတော်အဆူဆူတို့သည် မြန်မာ့မြေပြင်တစ်လွှားကိန်းဝပ်စံပယ်လျက်ရှိခဲ့သည်။

အကြံတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်မည့် ဘုရားကျောင်းဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေကို ဤသို့တွေ့ရသည်။

ယင်းတို့အနက် နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရသော ဗုဒ္ဓဆင်းတုတော်တစ်ဆူကို ရခိုင်ပြည်နယ် မင်းပြားမြို့ တက္ကသီလ သာသနာ့အလင်းရောင် ကျောင်းတိုက် ပရဝဏ်အတွင်း၌ တွေ့မြင်ဖူးမြော်ခွင့် ရခဲ့သည်။

ထိုဆင်းတုတော်ကား “အကြံတော်ပြည့်ဗုဒ္ဓ”ဆင်းတုတော်ဖြစ်၏။ အကြံတော်ပြည့် ဗုဒ္ဓဆင်းတုတော်ကို ရှေးဟောင်း ရခိုင်ပြည် လေးမြို့ခေတ် နေရဉ္ဇရာ မြို့ဟောင်းမှ တူးဖော်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

တူးဖော်ခဲ့ရခြင်း အကြောင်းရင်းမှာ ဤသို့ဖြစ်ပါသည်။

၁၃၅၅ခုနှစ် နတ်တော်လဆန်း ၉ ရက်ညသန်းခေါင်ယံတွင်ရခိုင်ပြည်နယ် မင်းပြားမြို့နယ် (လေးမြို့မြစ်၏ အရှေ့ဘက် နေရဉ္ဇရာမြို့ဟောင်းအနီး) နဂရာရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင် ဆရာတော်သည် ထူးခြားသော အိပ်မက်တစ်ခုကို မက်ခဲ့၏။

လျှောက်ထား

အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ယောက်သည် ဆရာတော်ထံသို့ ရောက်လာပြီး “ဆရာတော်ဘုရား၊ နေရဉ္ဇရာဘုရင် မဉ္ဇူသင် ကိုးကွယ်ခဲ့သော အကြံတော်ပြည့် ဗုဒ္ဓဆင်းတုတော်သည် မြို့ဟောင်းတည်ရာ တောကြီးမျက်မည်း၌ ကိန်းဝပ်စံပယ် နေပါသည်။ တူးဖော်ကိုးကွယ်ပါဘုရား၊ တပည့်တော်လည်း ကူညီပါမည်”ဟု လျှောက်ထားပြီး ပြန်သွား၏။

ဆရာတော်သည် အိပ်မက်ကို အပြန်ပြန် အလှန်လှန် စဉ်းစား၏၊ ထို့နောက် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အားတက်မိ၏။ သို့ရာတွင် တကယ်တမ်း လုပ်ဆောင်ကြမည်ဆိုလျှင် မိမိအင်အား၊မိမိပတ်ဝန်းကျင်အင်အားနှင့် စွမ်းဆောင်နိုင်မည် မဟုတ်ကြောင်းကို သုံးသပ်မိကာ မင်းပြားမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မင်းပြားမြို့ တက္ကသီလ သာသနာ့အလင်းရောင်ကျောင်းတိုက် မြို့မမြောက်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဃောသိတာရမ္မထံသို့အကျိုးအကြောင်းများ လျှောက်တင်၏။

စီစဉ်ဆောင်ရွက်

ဆရာတော်ဘဒ္ဒန္တဃောသိတာရမ္မသည် အကျိုးအကြောင်းကို သိလျှင်သိချင်း အားတက် ရွှင်လန်းစွာဖြင့် “အကြံတော်ပြည့် ဗုဒ္ဓဆင်းတုတော်အား မိမိတူးဖော် ကိုးကွယ်မည်ဖြစ်ကြောင်း” ပြောကြားပြီး လုပ်ငန်းများ စီစဉ် ဆောင်ရွက်တော့၏။

ခက်ခက်ခဲခဲ

နေရဉ္ဇရာမြို့ဟောင်းသည် ယခုအခါ တောကြီးမျက်မည်း ဖြစ်နေ၏။ ပိုးမွှားအန္တရာယ်ရှိ၏၊ လမ်းပန်းခက်ခဲ၏။ လမ်းပြလိုက်ပံ့သူမရှိ။ ဆရာတော်သည်အကြံတော်ပြည့်ဗုဒ္ဓဆင်းတုတော် တူးဖော်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရာ သုံးနှစ်ခန့်ကြာသွားခဲ့သည်။

ဆရာတော်သည် ထက်သန်သော သဒ္ဓါတရား ဇွဲလုံ့လတို့ဖြင့် ရွာသူရွာသား၊ တပည့်ဒါယကာ၊ဒါယိကာမများ၏ အကူအညီကိုရယူကာ တူးဖော်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်တော်မူခဲ့ရာ ၁၃၅၈ခုနှစ်တွင် နေရဉ္ဇရာမြို့ဟောင်း အောက်အနက် ခြောက်ပေခန့်တွင် “အကြံတော်ပြည့် ဗုဒ္ဓ”နှင့် အရံဘုရားနှစ်ဆူကို ကျိုးပဲ့ ပျက်စီးလျက် ဖူးတွေ့ရ၏။

တူးဖော် တွေ့ရှိခဲ့ရသော အကြံတော်ပြည့် ဗုဒ္ဓဆင်းတုတော်နှင့် အရံဘုရား ကျောက်ညိုဆင်းတုတော်နှစ်ဆူကိုလှေကြီးများဖြင့်မိုးထဲရေထဲခက်ခက်ခဲခဲ သယ်ဆောင်လာပြီး မင်းပြားမြို့ တက္ကသီလ သာသနာ့အလင်းရောင် ကျောင်းတိုက် ပရဝဏ် အတွင်း၌ ကိန်းဝပ် စံပယ်စေတော်မူခဲ့သည်။ ဤနေရာတွင် နေရဉ္ဇရာ မြို့ဟောင်း

အကြံတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြန်လည်မွမ်းမံပြုပြင် တည်ထားရေး ဘုရားကျောင်းဆောင်နှင့်ခန်းမဆောင် သိမ်ကျောင်းတော်ကြီး ဆောက်လုပ်ရေး ဦးဆောင်ဆရာတော် မင်းပြားမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တက္ကသီလသာသနာ့အလင်းရောင်ကျောင်းတိုက်ပဓာနနာယကဘဒ္ဒန္တဃောသိတာရမ္မ။

အကြောင်းသိရှိနိုင်ရန်ရာဇဝင်ကြောင်းကို အနည်းငယ် ဖော်ပြလိုပါသည်။

ရှေးဟောင်းရခိုင်ပြည်တွင် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်စသည်ဖြင့်ရှိခဲ့ရာ လေးမြို့ခေတ်သည် အေဒီ-၇၉၄မှ ၁၇၈၂အထိဟု ဆိုသည်။

လေးမြို့မြစ်

လေးမြို့ခေတ်တွင် ရခိုင်ဘုရင်တို့သည် အဉ္ဇနနဒီမြစ်ကြီးကို အခြေပြု၍ ထီးနန်းစိုက်ထူခဲ့ကြရာအဉ္ဇနနဒီမြစ်ကြီး၏ အရှေ့ဘက်ကမ်းတွင် မြို့ကြီးနှစ်မြို့၊ အနောက်ဘက် ကမ်းတွင် မြို့ကြီးနှစ်မြို့ စုစုပေါင်းမြို့ကြီးလေးမြို့ကို တည်ထောင် စိုးစံခဲ့ကြသည်။ ထိုမြို့ကြီးလေးမြို့ကို အစွဲပြု၍ နောင်သောအခါ အဉ္ဇနနဒီမြစ်ကို လေးမြို့မြစ်ဟု ခေါ်တွင်ခဲ့ကြသည်။

ထီးဦးနန်းဦး

မြို့ကြီးလေးမြို့တွင် တတိယမြောက်ဖြစ်သော နေရဉ္ဇရာမြို့သည် မြစ်၏အရှေ့ဘက် ကမ်းတွင်တည်ရှိပြီး ဘုရင်မဉ္ဇူသင်နှင့် မိဖုရားရွှေစင်ပြောင်တို့ စိုးမိုးအုပ်ချုပ်ကြသည်။ ဘုရင်မဉ္ဇူသင်နှင့်မိဖုရားရွှေစင်ပြောင်တို့သည် ဘာသာ သာသနာကို ယုံကြည် ဆည်းကပ် ကိုးကွယ်ကြသူများဖြစ်သည့် အားလျော်စွာ ရှေးဘုရင် အိမ်နိမ့်စံဘဝက အကြံတော်ပြည့်စေရန် ဆုတောင်းကိုးကွယ် ခဲ့ဖူးသော အကြံတော်ပြည့် ဗုဒ္ဓဆင်းတုတော်ကိုလည်း မိမိတို့၏ ထီးဦးနန်းဦးတွင် ပင့်ဆောင်တည်ထား ကိုးကွယ်ခဲ့သည်။ ယင်းအကြံတော်ပြည့် ဗုဒ္ဓဆင်းတုတော်သည် ရှေးဘေးတော်၊ ဘိုးတော်၊ ဖခမည်းတော်များ လက်ထက်တော် အခါကတည်းက ကိုးကွယ်လာခဲ့သော ဆင်းတုတော် ဖြစ်သည်။

ဆောက်လုပ်လှူဒါန်း

ယခုအခါ ပြန်လည်တူးဖော်ရရှိခဲ့သော အကြံတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို မင်းပြားမြို့တက္ကသီလ သာသနာ့အလင်းရောင်ကျောင်းတိုက် ပရဝဏ်အတွင်း၌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဃောသိတာရမ္မ ဦးဆောင်သော တပည့် ဒါယကာ၊ဒါယိကာမများက ပြန်လည်မွမ်းမံပြုပြင်တည်ထားလျက်ရှိပြီး ဘုရားကျောင်းဆောင်နှင့်ခန်းမဆောင်ကြီးများ ဆောက်လုပ်လှူဒါန်းပြီးဖြစ်သည်။ ဆက်လက်၍ ငွေကျပ်သိန်း၆၀၀ခန့်ကုန်ကျမည့်သိမ်ကျောင်းတော်ကြီးကိုလည်းဆောက်လုပ်လျက်ရှိရာဗုဒ္ဓသာသနာအရှည်တည်တံ့ရန်နှင့်ဘာသာသာသနာအကျိုးမျှော်ကိုးရည်မှန်းလျက် မင်းပြားမြို့ ဖုန်း-၄၆၊ (ရန်ကုန်) ၀၁-၅၄၈၀၀၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

နှစ်ပေါင်းများစွာ တိမ်မြုပ် ပျောက်ကွယ်နေခဲ့ရသော ဗုဒ္ဓဆင်းတုတော် တစ်ဆူကို ရခိုင်ပြည်နယ် မင်းပြားမြို့ တက္ကသီလ သာသနာ့အလင်းရောင် ကျောင်းတိုက် ပရဝဏ်အတွင်း၌ တွေ့မြင် ဖူးမြော်ခွင့် ရခဲ့။

ပြန်လည်တူးဖော်ရရှိခဲ့သော အကြံတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို မင်းပြားမြို့ တက္ကသီလသာသနာ့အလင်းရောင်ကျောင်းတိုက် ပရဝဏ်အတွင်း၌ဆရာတော် ဘဒ္ဒန္တဃောသိတာရမ္မ ဦးဆောင်သော တပည့် ဒါယကာ၊ ဒါယိကာမများက ပြန်လည်မွမ်းမံ ပြုပြင်တည်ထားလျက်ရှိပြီး ဘုရားကျောင်းဆောင်နှင့် ခန်းမဆောင်ကြီးများ ဆောက်လုပ်လှူဒါန်းပြီးဖြစ်။

စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

26-4 (15).pmd 1 4/26/2008, 1:35 AM

သန်လျင်မြို့နယ်အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း၌ သာသနာ့ဝိပုလကာရီ သိမ်ကျောင်းဆောက်လုပ်ရန်အတွက် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် သမာဓိလမ်း အမှတ် ၁၃နေ နှစ်ဖက်မိဘများဖြစ်ကြသော ဒေါ်ပန်းမြင့်၊ ဦးသိန်းမောင်၊ ဒေါ်ကျင်စိန်တို့အား ရည်စူး၍ ဖခင် ဦးငွေလှိုင်အား အမှူးထားပြီး ဦးသန်းဝင်း-ဒေါ်ခင်ဝေ၊ သား မောင်မျိုးဆွေဝင်း မိသားစုက မူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဦးနန္ဒပါလ(ယော)ထံ အလှူငွေကျပ် တစ်သိန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သာသနာ့ နွယ်သိင်္ဂီသီလရှင်စာသင်တိုက်သို့ မီးစက်နှင့်ဒိုင်နမို ပေးအပ်လှူဒါန်း

ကျောင်းကုန်း ဧပြီ ၁၀

ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် သာသနာ့နွယ်သိင်္ဂီသီလရှင် ပရိယတ္တိစာသင်တိုက်သို့ လျှပ်စစ်မီးစက်လှူဒါန်းပွဲကို မတ် ၃၁ရက် ညနေ ၃နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာရှိ သာသနာ့နွယ်သိင်္ဂီ သီလရှင် ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် လျှပ်စစ်မီးစက်အစုံ အလှူရှင် သုဓမ္မမဏိဇောတဓရ ဂုဏ်ထူးဆောင်ဘွဲ့နှင့် လူမှုထူးချွန် (တတိယဆင့်)ရ ဦးသိန်းမောင်-ဒေါ်တင်လှ(ရွှေလမင်းဆေးလိပ်ခုံ)ပိုင်ရှင်နှင့် မြေး မကေသရီသော်တို့က ငွေကျပ် ၄၁၆၀၀၀တန်ဖိုးရှိ မီးစက်နှင့်ဒိုင်နမိုတို့ကို သာသနာ့နွယ်သိင်္ဂီသီလရှင် ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာကြီး ဒေါ်သုမေဓာဝီဏီထံ ဆက်ကပ်လှူဒါန်းသည်။ (အောက်ပုံ)(၁၅၄)

ယဉ်ကျေးမှုသင်တန်း ဒီပဲယင်းမြို့ ၌ဖွင့်

ဒီပဲယင်း ဧပြီ ၁၁

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ရက် နံနက်ပိုင်းက ဒီပဲယင်းအထကရွှေဝါမြေခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ပညာရေးမှူး ဦးဝင်းကြည်တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ သင်တန်းကို ဗုဒ္ဓဓမ္မနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိအလိမ္မာတိုးတက်ရေး၊ ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ လူငယ်များ အကျင့်စာရိတ္တပျက်စီးမှုမှ ကာကွယ်ရေး၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု ခိုင်မြဲရေး၊ နိုင်ငံအတွက် လူတော်လူကောင်းများပေါ်ထွန်းရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး အလားတူသင်တန်းများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်၍ မကြီးဇောက်၊ ဖုတ္တန်းတော၊ ဒါန်းပင်၊ ရင်းရဲ၊ အင်းပင်နှင့် ငဝဲတော ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရုံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမိုးမြတ်ဟိန်း-ဒေါ်ဝင်းဝင်းကြည်၊ သမီး ဝေဝေဟိန်း၊ သား ဗိုလ်ဗိုလ်ဟိန်းမိသားစု ခတ္တာလမ်းက မဟာရုံတံတိုင်းတစ်ခန်းအတွက် အလှူငွေကျပ်သုံးသိန်းကို နာယကဆရာတော် မိုးညှင်းအရှင်ကုဏ္ဍကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိတ္ထီလာ၌ အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဖွင့်

မိတ္ထီလာ ဧပြီ ၂၄

အခြေခံအင်္ဂလိပ်စကားပြော သင်တန်း(၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၉နာရီခွဲက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းတို့က အဖွင့်အမှာစကားပြောကြားပြီး အင်္ဂလိပ်စကားပြောသင်တန်းဆရာ ဦးဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၀၇၈)

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဘားအံ၌ကျင်းပ

ဘားအံ ဧပြီ ၁၅

၂၀၀၈ခုနှစ် ကမ္ဘာ့တီဘီ ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက ဘားအံမြို့ အမှတ် ၅ ရပ်ကွက်ရှိ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ကျန်းမာရေးဦးစီးမှူး ဦးဌေးနောင်က ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (၀၀၈)

မြေထိန်းနံရံ

ဟုမ္မလင်းမြို့ ကမ်းနားလမ်း ချင်းတွင်းမြစ်ရေ တိုက်စားခြင်းဒဏ်မှ ကာကွယ်နိုင်ရန်အလျား ၅၅ ပေ၊ အမြင့် ၁၂ပေ၊ ထု၃ပေရှိ မြေထိန်းနံရံဆောင်ရွက်မှုကို မတ် ၁၈ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်နိုင်ညွန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဟသ်ာတမြို့ ပညာ့ဂုဏ်ရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဟသ်ာတ ဧပြီ ၂၀

ဟသ်ာတမြို့နယ် တလုတ္တော်ရွာ ပညာ့ဂုဏ်ရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ဧပြီ ၁၀ရက်က ပညာ့ဂုဏ်ရောင် စာကြည့်တိုက်ရှေ့ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ဟသ်ာတခရိုင်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လှိုင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူရှင်၁၅ဦးကိုယ်စား ဦးမြင့်လွင်က အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သို့ လည်းကောင်း၊ တစ်နှစ်စာနှစ်လုံးပေါက် စာနယ်ဇင်းများ ဝယ်ယူရန် အလှူရှင် လေးဦးကိုယ်စား ဦးထွန်းထွန်းနိုင်က ငွေကျပ် ငါးသောင်းငါးထောင်ကို စာရေးဆရာ ချစ်စံဝင်းသို့လည်းကောင်း၊ စာကြည့်တိုက်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၁လက်မ ရုပ်မြင်သံကြားစက်တစ်လုံး လှူဒါန်းခြင်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေက စာရေးဆရာ ကောင်းသန့်သို့ လည်းကောင်း၊ အလှူရှင် ဦးကောင်းထက်စံက စာကြည့်တိုက်စားပွဲအတွက်အလှူငွေကျပ်လေးသောင်းကိုစာရေးဆရာမလမင်းအိမ်သို့လည်းကောင်း လှူဒါန်းကြသည်။

ဟောပြော

ဆက်လက်၍ စာရေးဆရာချစ်နိုင်(စိတ်ပညာ)၊ စာရေးဆရာချစ်စံဝင်း၊ စာရေးဆရာကောင်းသန့်တို့က စာပေအသိပညာနှင့် စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးတို့ကို ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေး မီးဘေးလုံခြုံရေးအတွက် ဧပြီ ၇ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်တို့ ပူးပေါင်းဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ဆွေတို့ ကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဗိုလ်ချုပ်လမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၃ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နွေစပါးစိုက်ခင်းများ အထူးဖြစ်ထွန်းအောင်မြင် ရာခိုင်နှုန်းကျော် ဖြူးမြို့ ၌ ကွင်းပိတ်စိုက်ပျိုး

ဖြူး ဧပြီ ၁၀

ပဲခူးတိုင်း ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၀၈ခုနှစ် နွေစပါးစိုက်ပျိုးရေးစီမံချက်အရ ၂၀၀၇-၂၀၀၈ခုနှစ် နွေစပါးစိုက်ဧက ၈၁၀၀ စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့ရာ ကျေးရွာအုပ်စု ၁၅အုပ်စုမှ တောင်သူလယ်သမား ၁၅၀၀တို့က နွေစပါး ၈၁၂၅ ဧကကို ဖေဖော်ဝါရီ ၉ရက်အထိ ရာခိုင်နှုန်းကျော်လွန်၍ ကွင်းပိတ်စိုက်ပျိုးနိုင်ခဲ့ကြသည်။

ဖြစ်ထွန်းအောင်မြင်

ယခုအခါ နွေစပါးစိုက်ခင်းများမှာ အထူးဖြစ်ထွန်းအောင်မြင်လျက်ရှိကြပြီး တစ်ဧကအထွက်နှုန်း တင်းတစ်ရာကျော်ထွက်ရှိကြမည်ဟု နွေစပါးစိုက်တောင်သူ လယ်သမားများက ခန့်မှန်းလျက်ရှိကြပြီး နွေစပါးစိုက်ခင်းများကို ယခုလာမည့် မေလကုန်တွင် ရိတ်သိမ်းကြတော့မည် ဖြစ်ကြောင်းသိရသည်။ (၀၅၁)

ကောလင်း ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ကောလင်း ဧပြီ ၁၅

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်စာပေပြန့်ပွားရေးနှင့် ဖွင့်လှစ်ထားသောကျေးရွာ ၂၁၀မှ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် စာအုပ်လှူဒါန်းပွဲကို မတ် ၂၂ရက်က အဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မန္တလေးမြို့ ၂၉လမ်း ၈၁-၈၂လမ်းကြား မီးသတ်တိုက်တန်း ဒုတိယထပ်နေ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ငွေမိသားစုက ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ သုတရသစာအုပ်ဂျာနယ်များ၊ မန္တလေးမြို့ စိန်ပန်းရပ်ကွက်နေ ဦးဘသန်းအားရည်စူး၍ ဒေါ်ကြင်မေ မိသားစုက ငွေကျပ် ၁၅၀၀၀၀တန်ဖိုးရှိ သုတရသစာအုပ်များ၊ ကောလင်းမြို့ မြို့မရပ်နေ ဦးတင်အောင်-ဒေါ်မြင့်မြင့်ဌေး(ရွှေကျီသာစတိုး) ကငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ သုတရသစာအုပ်ဂျာနယ်များကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးနေဦး(အမျိုးသားစာပေဆုရ၊ ကိုနေ-ကောလင်း)အား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ (၀၃၂)

စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာပွဲ ပင်လုံတွင်ကျင်းပ

ပင်လုံ မေ ၁၂

လွိုင်လင်ခရိုင် ပင်လုံမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ ပညာသင်ကြားနေသည့် ကျောင်းသားများဖြစ်ကြသော ပအိုဝ်း တိုင်းရင်းသား ၃၉ဦး၊ ရှမ်းတိုင်းရင်းသား ၃၅ဦး၊ ယင်းကြား ၁၀ဦး၊ ပလောင်တစ်ဦး စုစုပေါင်းကျောင်းသား ၆၅ဦးတို့အား ကျောင်းအုပ်ကြီး ဦးရွှေဝင်းက ဦးစီး၍ ဒေသခံစေတနာရှင်၊ အလှူရှင်များ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် စတုတ္ထအကြိမ်မြောက် ရှင်ပြုအလှူတော် မင်္ဂလာကျင်းပပြီး မေ ၂ရက်တွင် ရှင်လောင်း ၆၅ပါးကို ပင်လုံမြို့တွင်းသို့ စုပေါင်း၍ စီတန်းလှည့်လည်ကာ မေ ၃ရက်တွင် ရေစက်ချတရားနာအလှူတော် မင်္ဂလာကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လွိုင်လင်မြို့နယ် ရတနာစည်ဆရာတော် (လွိုင်လင်)က ရေစက်ချအနုမောဒနာတရား ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပဋ္ဌာန်းအောင်ပွဲ အုတ်ဖိုဌ်ကျင်းပ

အုတ်ဖို မေ ၂၃

ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့ မြို့ဦးကျောင်း၌ မဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော် အောင်မြင်ပွဲ အခမ်းအနားကို မေ ၂၁ရက် နံနက် ၉နာရီက ယင်းကျောင်းတိုက် တန်ဆောင်းအတွင်း၌ ကျင်းပရာ မှန်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူ၍ မေတ္တာသုတ် ပရိတ်တရားတော်ကို နာကြားကြသည်။

ထို့နောက် ဂေါပကဥက္ကဋ္ဌ ဦးစစ်ရွှေက ပူဇော်ပွဲလုပ်ငန်းဆိုင်ရာများကို လျှောက်ထားပြီး ဦးစန်းလွင်က ငွေစာရင်း ရှင်းတမ်းကို လျှောက်ထားသည်။ ဆက်လက်၍ ကျက်ဆူတောကျောင်းဆရာတော် ဦးပညိန္ဒက အနုမောဒနာ ဂါထာကို ရွတ်ဖတ်ပြီး စာရေးတံမဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ပြီး ရေစက်ချ တရားတော် နာကြားကြသည်။ (ဝ၇၄)

မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် (၇)မိုင် ရွာတန်းရှည် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်ဆဲ သောသုဇနလေးထပ်ကျောင်းဆောင်တော်ကြီးအတွက် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေကူးဘူတာရုံလမ်းနေ ဦးအေးလှိုင်အားရည်စူး၍ ဒေါ်သောင်းကြည်နှင့် သား သမီး၊ မြေးများက အလှူငွေကျပ် ၁၀သိန်းကို ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြင်းခြံစည်ပင် ကျေးလက်ရေရရှိရေး ဆောင်ရွက်

မြင်းခြံ မေ ၁၀

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် မတ် ၁၅ရက်က တောင်ရှေ့ကျေးရွာ စက်ရေတွင်းသို့ သွားရောက်၍ စက်ရေတွင်းပြုပြင်ပြီးစီးမှု အခြေအနေကို စစ်ဆေးသည်။

အဆိုပါ စက်ရေတွင်းမှာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် သာမန်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ရာ ရေထွက်နှုန်းနည်းပါးလာသဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာများက တွင်းသစ်ထပ်မံတူးဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ တစ်နာရီ ရေဂါလန် ၁၅၀၀ နှုန်းထွက်ရှိကြောင်းနှင့် ကျေးရွာရေကော်မတီမှ စနစ်တကျ ထိန်းသိမ်း၍ သန့်ရှင်းသော သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၅၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ဓမ္မသုခကျောင်းတိုက် မင်္ဂလာသိဒ္ဓိကျောင်းမှ ဦးဇာနေယျ လူမှုထူးချွန် (တတိယဆင့်) **(အပေါ်ပုံ)**သည် မေ ၂၂ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးဌာနတွင် (၅၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပြီးစီးခဲ့သော တောကံ-ကံ့တော ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့၌ ရေစက်ပြင်ဆင်

စစ်ကိုင်း မေ ၆

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်အိခင်ညိုနှင့်အဖွဲ့ မတ် ၂၈ရက်က ကင်းကျေးရွာ ရေပေးရေးလုပ်ငန်း ရေစက်ပြင်ဆင်နေမှုကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကမ္ဘ-ရေလာ-ထန်းတပင် ကျေးလက်လမ်း ကျောက်ချောခင်း ဆောင်ရွက်နေမှုကို မတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အမှတ်(၄) ရပ်ကွက်ရှိ မြို့မပတ်လမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို မတ် ၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးအောင်နှင့်အဖွဲ့ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမောင်တိုး ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မုဒုံမြို့၌ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

မုဒုံ မေ ၁၀

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ထနောင်းဝင်းကျေးရွာနှင့် ညောင်ပင်ကျေးရွာချင်းဆက်လမ်းကို မတ် ၂၅ရက်က စက်ယန္တရားများဖြင့် ဖောက်လုပ်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှသောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၈-၄-၂၀၀၈(တနင်္လာနေ့)

- ☐ ပုဂံခေတ်ကျောက်စာများမှာ ထင်ဟပ်နေသော ပုဂံခေတ်အမျိုးသမီးများ
  - ပ-နှစ်မှ မဟာဝိဇ္ဇာတန်းအထိ အရှည်အချင်းစစ်နှင့် မဟာဝိဇ္ဇာ (မြန်မာစာအထူးပြု)နှင့် အများပြည်သူများ
- ☐ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရသားသမီးများ၏ အမွေဆက်ခံရေး
  - ဒု-နှစ် ဥပဒေ မဟာဥပဒေ(ပြည်တွင်းအုပ်စု)တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများ

၂၉-၄-၂၀၀၈(အင်္ဂါနေ့)

- ☐ Priority of Maritime Lien
  - နောက်ဆုံးနှစ်၊ မဟာဥပဒေ(ပင်လယ်ရေကြောင်းဥပဒေ အုပ်စု)တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ
- ☐ Mammalian Heart
  - ပထမနှစ်သတ္တဗေဒ ကျောင်းသား ကျောင်းသူများ

၃၀-၄-၂၀၀၈(ဗုဒ္ဓဟူးနေ့)

- ☐ Mammalian Organs
  - အဝေးသင်/နေ့ ပထမနှစ်သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Transfer of ownership
  - နောက်ဆုံးနှစ် ဥပဒေပညာ အထူးပြုကျောင်းသား ကျောင်းသူများ

၂-၅-၂၀၀၈(သောကြာနေ့)

- ☐ Mitosis and Meiosis
  - ပထမနှစ်သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Respiration
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၃-၅-၂၀၀၈(စနေနေ့)

- ☐ The Origins of Feudalism
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Political and Military Aspects of Feudalism
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Revival of Trade
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- French Bourgeoisie Revolution
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Socialist Revolution
  - ပထမနှစ်သမိုင်း အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Greek Civilization
  - ပထမနှစ်သမိုင်း အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Earth and its Movement
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Global Ocean
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Erosion And Deposition By Wind
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Type of Precipitation
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Landform Classification
  - ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

၄-၅-၂၀၀၈(တနင်္ဂနွေနေ့)

- ☐ Study of Taxonomic Description
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Anatomy of Dicot & Monocot Stems
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Dispersal of Plants
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ The Plants Morphology
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Drugs Obtained From Angiosperms
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Meristematic Tissues and Permanent Tissues
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ FUNGI
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Asexual Propagation
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Horticulture
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Nucleic Acids
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Medicinal Plants II Industrial Plants
  - တတိယနှစ်ရုက္ခဗေဒ အထူးပြုကျောင်းသား ကျောင်းသူများ

FAME
သွေးတိုးထိန်းဆေး
Normosin®

လင်းလက်ကြယ်စင်
အဆင့်မြင့်ပညာရပ်မှုန်
သင့်ကလေးအနာဂတ်ကို လုံးဝတာဝန်ယူပါသည်။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် မက/၂၂၈၉၂ ယာလင်း ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၈/မမန(နိုင်)၁၅၆၆၇၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)။**

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါ လျှောက်ထားသူအား နှစ်လက်မ အငှီစီတွင်း တစ်တွင်းတူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) မြေ အောက်ရေကြီးကြပ်မှု အရာရှိရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့် နေရပ်လိပ်စာ — **ဦးရွှေဖန် အမှတ် ၆၃၇၊ ရန်ပြေ(၁၃)လမ်း၊(၃)ရပ်ကွက် သာကေတ**

တူးဖော်မည့်နေရာ မြေကွက်အမှတ် ၆၃၇၊ မြေတိုင်းရပ်ကွက် အမှတ် ၃ သန်းသန်းစိုး

မြေအောက်ရေကြီးကြပ်မှုအရာရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

A ဆတ္တားနှင့် သားများ

အဲယားကွန်း၊ အဝတ်လျှော်စက်၊ရေခဲသေတ္တာ၊ အပျက်၊ အဟောင်းများ ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၉၉-၇၂၁၃၅၊ ၀၉-၅၀-၂၆၄၅၇။

"THE LAST DAYS OF BAGAN"

ကား ရောင်းမည်

CANTER (14'), 89-Model ဂီယာတံ အတို၊ CNG ဖိုးကျေပြီး လက်ရှိလိုင်းဆွဲ (လိုင်းထွက်၊ ပြောင်းရ)
ဖုန်း-၂၁၄၁၆၁၊ ၀၉-၅၁-၅၈၃၈၆။

ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မိုးသောက်ကြယ်လမ်း မြေကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ် ၉၊ မြေဧရိယာအကျယ်အဝန်း ၀ဒသမ ၀၉၀ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ် ၂/၂၄ဟု ခေါ်တွင်သော နေအိမ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ဆိုင်သူ ဒေါ်အားဖူး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/ကတန(နိုင်)၀၉၁၈၈၃ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် ဈေးစကား အပြီးအပြတ် ပြောဆိုပြီးဖြစ်၍ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ပိုင်ဆိုင်သော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို ပိုင်ဆိုင်သူ ဒေါ်အားဖူးနှင့် အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးစိုးလင်းအောင် (ဥပဒေဝိဇ္ဇာ) တရားရုံးချုပ်ရှေ့နေ၊
ဆန်ဆိုင်း(ခ)ဆန်ဆိုင်းဈေးအနီး၊ တာချီလိတ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရွှေ အသက်(၈၉)နှစ်

ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၏ မိခင်ကြီး ဒေါ်ရွှေသည် ၁၉-၄-၂၀၀၈ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ရှမ်းပြည်နယ်(မြောက်ပိုင်း)**
ပြည်နယ်တရားသူကြီးနှင့် တရားသူကြီးများ။

ဝမ်းနည်းကြေကွဲခြင်း

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၏ မိခင်ကြီး ဒေါ်ရွှေ အသက် (၈၉)နှစ်သည် ၁၉-၄-၂၀၀၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပဲခူးတိုင်း(အနောက်ပိုင်း)
တိုင်းတရားသူကြီးနှင့် တိုင်းအတွင်းရှိ
တရားရေး မိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရွှေ အသက်(၈၉)နှစ်

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၏ မိခင်ကြီး ဒေါ်ရွှေသည် ၁၉-၄-၂၀၀၈ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ရခိုင်ပြည်နယ်တရားသူကြီးနှင့်**
ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တရားသူကြီးများ။

ဦးကျော်စိန် (မိတ္ထီလာ)

လ/ထ ညွှန်မှူး(ငြိမ်း) သမဝါယမဦးစီး
အတွင်းရေးမှူး ဗဟို သမဝါယမအသင်း
အသက်(၉၂)နှစ်

မိတ္ထီလာမြို့ (ဦးဖိုးစိုး-ဒေါ်လှသင်း)တို့၏သား၊ (ဦးကျော်ခေါင်-ဒေါ်မေ)တို့၏သားသမက်၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် လမ်းသစ်လမ်း အမှတ် ၄၉၊ ပထပ်နေ(ဒေါ်ကြည်ကြည်)၏ ခင်ပွန်း၊ ဒေါ်တင်ကြည်၊ ဦးကျော်ဝင်းမြင့်-ဒေါ်နန်းကောင်ခမ်း၊ ဒေါ်ဖြူဖြူဝင်းတို့၏ဖခင်၊ မောင်ကျော်ဇင်ဟိန်း(YTU)၏ အဘိုးသည် ၂၃-၄-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဒေါ်ခင်ကြည်

လူထုပညာ(ပဋ္ဌမ)ပတ်၊ လူထုပညာမိသားစုအဖွဲ့ဝင်
ဇီးကုန်းမြို့နယ်အသင်း (ရာသက်ပန်အသင်းဝင်)
အသက်(၈၄)နှစ်

ဇီးကုန်းမြို့ သစ်နဖားရွာနေ ဦးမြ-ဒေါ်အုန်းမြင့်တို့၏သမီး၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် ၅၆၊ လှည်းတန်းလမ်းမ၊ သုံးလွှာ(A)နေ ဦးခင်မောင်၏ဇနီး၊ ဦးစိုးဝင်းမောင်-ဒေါ်အေးမြတ်စိုးတို့၏ မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၅-၄-၂၀၀၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၈ရက်တွင် ထိန်ပင်သုသာန်၌ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေရန် အကြောင်းကြား အသိပေးအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဦးလှမြင့်လေး (မကွေးမြို့)

မြို့နယ်ကုန်သွယ်/လယ်ယာမန်နေဂျာ(ငြိမ်း)
အသက်(၇၂)နှစ်

မကွေးမြို့ ရွှေညောင်(၁)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အိမ်အမှတ် ၄၆နေ (ဦးမောင်မောင်တင်-ဒေါ်ခင်စော)တို့၏ သား၊ ဒေါ်လှထွေး(မြပုဏ္ဏမာရွှေဆိုင်)၏ ခင်ပွန်း၊ ဦးစိုးကျော်-ဒေါ်မင်းမင်းခိုင် (အောင်ဇေယျာပြည့်သစ်စက်)၊ ဦးဉာဏ်ထွန်း-ဒေါ်မြသူဇာ (မြတမာ ဆေးကျောင်းသားဘော်ဒါဆောင်)၊ ဦးဇော်ထွန်း-ဒေါ်နန်းဖြူစင်အိ (ရွှေပြည်စိုးစာပေတိုက်)၊ဦးထွန်းနိုင်ဝင်း-ဒေါ်နွဲ့နွဲ့စန်း (ဖိုးလပြည့် သစ်စက်နှင့် နန်းတော်ဝင် ရွှေဆိုင်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၃-၄-၂၀၀၈ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် မကွေးမြို့ ချမ်းမြေ့သာယာသုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

ဆရာ ဦးအောင်ဆန်း
အထက်တန်းပြ(ငြိမ်း)၊ ရွှေနတ်တောင်(အထက)
အသက်(၆၂)နှစ်

ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော် တိုက် ၁၂၊ အခန်း ၃၀၂၊ ၉လမ်း(အေ)နေ ဒေါ်ခင်စန်းကြူ၏ ခင်ပွန်းသည် ၂၃-၄-၂၀၀၈ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း ဆရာ့ကျေးဇူးကို ဦးထိပ်ပန်ဆင်လျက်။ **တပည့်ကျောင်းသားဟောင်းများ**
ရွှေနတ်တောင်(အထက)။

ဖျာပုံမြို့နယ် အောင်သာယာကျေးရွာ၌ လောကဥဿျောင် သက်ကယ်အောင်စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို ဧပြီ ၂၀ရက်ကကျင်းပရာ နာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ၏ ဦးဆောင်မှုဖြင့် ခရိုင်ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် ဇနီး၊ ခရိုင်အတွင်းရေးမှူး ဦးဖုန်းမြင့်၊မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း)ရဲသူရသန်းလှိုင်နှင့်ဇနီး၊ခရိုင်မီးသတ်ဦးစီးဌာနမှူးဦးသန်းနိုင်၊ ခရိုင် အား/ကာလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းတို့နှင့် အလှူရှင်များက ရွှေထီးတော်တင်လှူပူဇော်ကြစဉ်။ (၁၅၅)

မတ်၂၆ရက်က ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲတွင် ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန်ရှိန် မိသားစုက ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သိန်း၃၀၊ ပဲနွယ်ကုန်းမြို့ တိုက်နယ်ဆေးရုံအတွက် ငွေကျပ်၁၀သိန်း၊ ဖဒိုကျေးရွာတိုက်နယ်ဆေးရုံအတွက် ငွေကျပ် ၁၀သိန်း စုစုပေါင်းငွေကျပ်သိန်း ၅၀ကို ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)က ကျောက်တံခါးမြို့နယ်ဆရာဝန် ဒေါက်တာသိမ်းမြို့သို့ ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကတ္တရာလမ်းများ နမ့်စန်မြို့၌ဖွင့်

နမ့်စန် ဧပြီ ၁၂

နမ့်စန်မြို့ အမှတ်(၃)ရပ်ကွက် ပြည်သူများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော သီတာလမ်း(ပထမပိုင်း) ကတ္တရာလမ်းနှင့် ရေအေးလမ်း ကတ္တရာလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က သီတာလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးလွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ပေါင်းတည်မြို့ခုတင် ၅၀ဆံ့နှင့် ၁၆ခုတင်ဆံ့ဆေးရုံများ ဆေးပဒေသာပင်တိုးပွားစိုက်ထူရေး အလှူငွေများပေးအပ်

ပေါင်းတည် ဧပြီ ၂၀

ဆေးရုံဆေးပဒေသာပင်များ တိုးပွားစိုက်ထူနိုင်ရေးအတွက် ခုတင် ၅၀ဆံ့ ပေါင်းတည်ဆေးရုံ၊ ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ကျော်နှင့် ၁၆ ခုတင်ဆံ့ မှတ်တိုင်တိုက်နယ်ဆေးရုံ ဆေးပဒေသာပင် အလှူငွေကျပ် ၃၂ သိန်း ကျော်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၈ နာရီက ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က ဆေးပဒေသာပင် အလှူငွေရရှိရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဌာနဆိုင်ရာများ လှူဒါန်းငွေများကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဝင်းမော်က လည်းကောင်း၊ မြို့မိမြို့ဖ လှူဒါန်းငွေများကို မြို့မိမြို့ဖများကိုယ်စား ဦးမြတ်ထွန်းကလည်းကောင်း၊ ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်) လှူဒါန်းငွေများကို ဦးလှကြိုင်က လည်းကောင်း၊ မှတ်တိုင် ရပ်မိရပ်ဖများ လှူဒါန်းငွေများကို ဦးတင်ဦးက လည်းကောင်း အသီးသီး ပေးအပ် လှူဒါန်းရာ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ခင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာဒေါ်အေးမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က နိဂုံးချုပ်စကား ပြောကြားသည်။ (ဝ၅၇)

မတ် ၃၀ရက်က ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြင်ထိန်းရန်ပုံငွေဖြင့် ပြုပြင်ခဲ့သော ကျောင်းကုန်းကျေးရွာ စက်ရေတွင်း ရေရှည်မောင်းနှင်အသုံးပြုနိုင်ရေးအတွက် ကျေးရွာရေကော်မတီများ ဝိုင်းဝန်းထိန်းသိမ်းကြရန် အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့်အဖွဲ့ ကွင်းဆင်းစည်းရုံးကြစဉ်။(မြို့နယ်စည်ပင်)

ယင်လုံအိမ်သာသုံးစွဲ

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦးနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ မတ် ၃၀ရက်က စလင်းမြို့ပေါ် ရပ်ကွက်များအတွင်း ယင်လုံအိမ်သာ သုံးစွဲမှုကို ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . .
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . .
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . .
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း . .
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . .

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

အတည်ပြု၍ ထောက်ခံကြ

ဒို့မြန်မာပြည်၊ ကမ္ဘာတည်အောင်
အရှည်မျှော်တွေး၊ မျိုးချစ်သွေးဖြင့်
ရေးဆွဲကြည်ဖြူ၊ အခြေခံမူကို
ပြည်သူအပေါင်းက သောင်းသောင်းဖြူ။
အတည်ပြု၍ ထောက်ခံကြ။ ။

မောင်မိုးဦး

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၂၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတက်ရောက်၍ မိန့်ခွန်းပြောကြား သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) *စာမျက်နှာ ၇ ကော်လံ ၃* ❐

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် ရှင်သန်တည်တံ့ဖို့လိုအပ်တဲ့ အာဟာရပဲ။ ဒါပေမယ့် အာဟာရဖြစ်ဖို့ဆိုတာ ကိုယ်စားချင်တဲ့ အစာတိုင်း စားလို့မရဘူး။ ကောင်းတယ်ဆိုတဲ့ အစာတိုင်းလည်း စားလို့မဖြစ်ဘူး။ ကိုယ့်ကျန်းမာရေးအခြေအနေနဲ့ ကိုက်ညီပြီး ကိုယ်နဲ့ သင့်မြတ်မယ့်၊ အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်မယ့် ဓာတ်စာမျိုးကိုပဲ ရွေးရမှာပေါ့။ ဖြစ်ချင်တာတွေထက် ဖြစ်သင့်တာကိုရွေးမှ ကိုယ့်နိုင်ငံ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် အသင့်တော်ဆုံး အခြေခံဥပဒေကို ရမှာပေါ့။

မောင်ဒွဲဒိုး၏ဆောင်းပါး စာ-၁၀